# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ Tuesday, 7 March 2023 ၁၁၀၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မှူးများ တစ်ဦးတစ်ယောက်ချင်းစီ၏ ဦးဆောင်မှုနှင့် စွမ်းဆောင်မှုများကောင်းမွန်ပါက တပ်များ၏ အရည်အသွေးများမြင့်မားလာမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြ အရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ယနေ့မွန်းလွဲပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

**ရည်မှန်းချက်နှင့် မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သင်တန်းများတွင် ရလဒ်ကောင်းမွန်ရေးအတွက် တစ်ဦးချင်းစီ၏ကြိုးစားအားထုတ်မှုများ လိုအပ်မည်ဖြစ်ကြောင်း၊ လူသားတိုင်းသည် မျှော်လင့်ချက်၊ ရည်ရွယ်ချက်များကိုယ်စီရှိကြကြောင်း၊ ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် မျှော်မှန်းချက်များရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရေး ဘဝတစ်လျှောက်လုံး

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**


ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း စာမျက်နှာ » ၃

တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာန လေးခု ဖွင့်လှစ်ပေးရန် စီစဉ် စာမျက်နှာ » ၉

ဗီယက်နမ်နိုင်ငံ ဒေသအများအပြား၌ လေထုညစ်ညမ်းမှုများ မြင့်တက်လျက်ရှိ စာမျက်နှာ » ၁၃

ကြေးမုံ

# ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်ခြင်းဖြင့် လောကကောင်းကျိုးကိုသယ်ပိုး

“ဓမ္မဝိနယ”ခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ထင်ရှားစွာရှိနေသမျှကာလပတ်လုံး မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိနေသည်မည်၏။ “သာသနာ”ဟူသည်မှာလည်း ဤသုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များပင်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များရှိနေသမျှ မြတ်စွာဘုရားလည်း ရှိနေမည်ဖြစ်၍ သာသနာတော်လည်း ရှိနေမည်ဖြစ်သည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ ကွယ်ပျောက်ပါက မြတ်စွာဘုရားကွယ်ပျောက်ပြီး သာသနာလည်း ကွယ်မည်ဖြစ်သည်။

ဘုရားရှင်၏ ဒေသနာတော်များသည် ဝေနေယျဗျွှာသယ၊ ပုဂ္ဂလဇ္ဈာသယ အားလျော်စွာ မည်သို့ပင်အကျယ်ဟောထားသော်လည်း တစ်ခုတည်းသောရသမှာ ဝိမုတ္တိရသသာဖြစ်သည်။ ဘုရားသားတော် ရဟန်းသံဃာတော်များအနေဖြင့် အံ့ဖွယ်တော်ရှစ်ဖြာနှင့်ပြည့်စုံသည့် သာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရေးကို ကာကွယ်စောင့်ရှောက်ကြရမည့် အရေးအကြီးဆုံးတာဝန်တစ်ရပ်မှာ ယင်းဝိမုတ္တိရသကို အစဉ်ရရှိစေရန် ကြိုးပမ်းအားထုတ်နေရေးပင်ဖြစ်သည်။ မင်း၊ အစိုးရနှင့် ပြည်သူများ၏တာဝန်မှာ ဝိမုတ္တိရသကို အားထုတ်နေကြသော ရဟန်းသံဃာတော်များအား ချီးမြှောက်ထောက်ပံ့ပေးရေးဖြစ်သည်။

ထို့ကြောင့် မြတ်စွာဘုရား၏ တပည့်သားကောင်း ရဟန်းသံဃာတော် အဆက်ဆက်သည် ဓမ္မဝိနိယခေါ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားတော်များ မညစ်နွမ်းမပျောက်ကွယ်စေရန် ကြိုးစားစောင့်ရှောက်တော်မူခဲ့သည်။ သာသနာတော်ကို စောင့်ရှောက်တော်မူသော ရဟန်းသံဃာတော်များ အစွန့်ရှည်တည်တံ့ ထွန်းကားလာအောင် မင်း၊ အစိုးရနှင့် ပြည်သူတို့က ကြောင့်ကြမဲ့မနေကြဘဲ သာသနာတော်ကြီး ထွန်းကားပွင့်လန်းနေအောင် အဘက်ဘက်မှ ထောက်ပံ့ချီးမြှောက်ခဲ့ကြသည်။

ယနေ့အချိန်အခါတွင် မြတ်စွာဘုရား သာသနာတော် ပွင့်လန်းထွန်းကားလာစေရန်အတွက် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲကို ခမ်းခမ်းနားနားကျင်းပခဲ့သည်။ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၅ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂ ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး အပါး ၃၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၃ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးသုံးပါးတို့အား ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

သာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ဝိမုတ္တိရသကို ကြိုးပမ်းအားထုတ်တော်မူကြသော ရဟန်းသံဃာတော်များ နှစ်စဉ်ပေါ်ထွန်းနေသည်မှာ မြန်မာပြည်အတွက် ကောင်းခြင်းလက္ခဏာဖြစ်သည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံသူနိုင်ငံသားများအတွက် အပါယ်ဒုက္ခဝဋ်ဆင်းရဲအပေါင်းမှ လွတ်ကြောင်းအမှန်ဖြစ်သည်။ ဝေနေယျအပေါင်းတို့ ချမ်းသာကြောင်းကို ဆောင်ကြဉ်းပေးမည့် သံဃာရတနာများ ထွန်းကားနေခြင်းဖြစ်သည်။ ရတနာသုံးပါးကို မတုန်မလှုပ်ယုံကြည်သူသည် လျင်သောပညာ၊ ရွှင်သောပညာမရှိ၊ ကိလေသာမှ လွတ်မြောက်မှု (ဝိမုတ္တိ) နှင့် မပြည့်စုံသော်လည်း သကဒါဂါမ်လည်းဖြစ်နိုင်သည်။ သောတာပန်လည်းဖြစ်နိုင်သည်။ အောက်ထစ်ဆုံးအားဖြင့် တရားဓမ္မတို့ဖြစ်ပွားပြီး မြတ်စွာဘုရားကို ယုံကြည်ခြင်းမျှသာဖြစ်လျှင်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံဘဝသို့မရောက်၊ မကောင်းသောသူတို့၏ လားရောက်ရာ၊ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘုံဘဝသို့ မရောက်နိုင်ဟု တရားတော်တွင် ဟောကြားထားသည်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ အစဉ်ထာဝရ အားထားကိုးစားရမည့်အရာကား မှန်ကန်တိကျသည့်အကျင့် ပဋိပတ်ဖြစ်သည်။ ယင်းပဋိပတ်သည် သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာသုံးရပ်ဖြစ်သည်။ ပဋိပတ်၏ အခြေခံအကြောင်းရင်းသည် ပရိယတ်ဖြစ်သည်။ ပရိယတ္တိသာသနာကို တိုးတက်ထွန်းကားအောင် ကြိုးပမ်းထမ်းဆောင်ခြင်းသည် မြတ်စွာဘုရားရှင်သာသနာတော် မကွယ်ပျောက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်၍ ဤလောကသည် သူတော်ကောင်းတရားတို့ဖြင့် တင့်တယ်နေမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာဝပြောနေမည်ဖြစ်သည်။ သာသနာတော်သည်လည်း သန့်ရှင်းစင်ကြယ်စွာတည်တံ့ပြန့်ပွား၍ ရှင်သန်နေမည်ဖြစ်သည်။

သို့ဖြစ်ရာ အံ့ဖွယ်တော်ရှစ်ဖြာနှင့်ပြည့်စုံသည့် သာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရေးကို ကာကွယ်စောင့်ရှောက်ကြသည့် ဘုရားသားတော် ရဟန်းသံဃာတော်များ ဝိမုတ္တိရသကို အစဉ်ရရှိ ကြိုးပမ်းအားထုတ်တော်မူနိုင်ရန် ပစ္စယာနုဂ္ဂဟဖြင့် ပူဇော်မှုကို ပြုလုပ်နိုင်သောကြောင့် ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ခြင်းကို ပြန်လည်ခံယူပြီး လောကကောင်းကျိုးငြိမ်းအေးမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တရားမအထူးအယူခံမှုနှစ်မှုတို့ကို စီရင်ချက်ချမှတ်

## ရာဇဝတ်အထူးအယူခံမှုတစ်မှုနှင့် တရားမအထူးအယူခံမှုတစ်မှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် မတ် ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၂/၂၀၂၂ (ပဲခူး)နှင့် ၂၄/၂၀၂၂ (မန္တလေး) စုစုပေါင်းတရားမအထူးအယူခံမှု နှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၂/၂၀၂၂ (ကချင်) နှင့် တရားမအထူးအယူခံမှု အမှတ် ၅၃/၂၀၂၂(မွန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုတစ်မှုတို့ကိုကိုဗစ်-၁၉ရောဂါကာကွယ်၊ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၂၀၀ | ၈၀ | ၆၃၃,၈၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၀၀ | ၂,၄၅၈ | ၇,၈၂၉,၈၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၁,၈၄၄ | ၃,၀၄၃,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၅ | ၁၃,၂၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၀ | ၃၄၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၂၂၂၃၂.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = ၃၀၃.၀၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၆၀.၈၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၄၆၈.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၂၅.၆၂၆ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၄၁၄.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = ၁၅၆၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = ၁၅၄၂.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၆၁.၄၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၇ / ၂၀၂၃**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
( ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ ဝန်ကြီးဌာနသည် အောက်ပါအချက်တစ်ချက်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်-

(က) လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ လျှောက်ထားခဲ့ခြင်း၊

( ခ ) ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကိုပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့် အညီစိစစ်ဆေးပြီး ငြိစွန်းကြောင်း တွေ့ရှိခြင်း။"

၃။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာနှင့်စပ်လျဉ်း၍ တရားမဝင် ထုတ်ဝေစာဖြစ်ကြောင်း နိုင်ငံတော်ပြန်တမ်းတွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာနိုင်သည်။"

၄။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ တရားမဝင်ထုတ်ဝေစာဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်သည်နှင့် တစ်ပြိုင်နက် ရဲအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက အာဏာအပ်နှင်းထားသော အခြားသူတစ်ဦးဦးသည် ယင်းတရားမဝင်ထုတ်ဝေစာများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ သိမ်းယူနိုင်သည်။"

၅။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ ( ခ ) တွင်ပါရှိသော "ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော" ဆိုသည့် စကားရပ်ကို "ထုတ်ဝေသူသည် ၎င်းထုတ်ဝေသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှု၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လာမှုနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှု၊ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက် မြင့်တင်နိုင်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ရေးများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

✰ ရှေ့ဖုံးမှ

ဆက်လက် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုအဆင့်ရာထူးအထိ ရောက်ရှိခဲ့ခြင်းမှာလည်း စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုများကြောင့်သာလျှင် ဖြစ်ကြောင်း၊ တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန်တွင် လုပ်ဆောင်နိုင်မည့်အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်းမွေးမြူရန်နှင့် အမှန်တကယ် တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကြုံတွေ့လာရနိုင်သည့် အခက်အခဲများအား မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း။

## လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို

သင်တန်းသားအရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီးများဖြစ်ကြသည့်နည်းတူ သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို ယခုသင်တန်းမှ သင်ကြားခဲ့ရသည့်ပညာရပ်များဖြင့် ချိန်ထိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ရင်းတစ်ရင်း၏စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းရပ်များအား ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများ စနစ်တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး ဗျူဟာမှူးကောင်း၊ ဦးစီးအရာရှိကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ စစ်ပညာနှင့်ပတ်သက်၍လည်း သင်ကြားပေးလိုက်သည့် စစ်ပညာများကို အသုံးချရန် လိုကြောင်း၊ မည်သည့်အလုပ်ကို ဆောင်ရွက်သည်ဖြစ်စေ လုပ်ဆောင်နိုင်သည့်အားတစ်ခု လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုစွမ်းပကား၊ လုပ်နိုင်သည့် စွမ်းပကားများ ရှိရန်လိုကြောင်း၊ ခေါင်းဆောင်မှုစွမ်းပကားတွင် စဉ်းစားဆောင်ရွက်ရသည့်စွမ်းအား လိုအပ်ပြီး လက်အောက်ကိုစုစည်းသည့်အားရရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ မိမိလက်အောက်ရှိ တပ်အင်အားစုကို စွမ်းရည်ရှိအောင်မည်ကဲ့သို့ စုဖွဲ့မည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ဦးဆောင်ရသည့်တပ်ကို စနစ်ကျစွာ တည်ဆောက်

တပ်မတော်သားများအားလုံးသည် အခြေခံစစ်ပညာသင်တန်းများကို သင်ကြားခဲ့ရပြီးဖြစ်ပြီး အဆင့်နှင့်လျော်ညီသည့် သင်တန်းများကိုလည်း တက်ရောက်သင်ကြားကြရကြောင်း၊ စစ်သည်တစ်ဦးချင်းစီအား အဆင့်နှင့်လျော်ညီသည့်လုပ်ငန်းတာဝန်များကို လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အရည်အချင်းများ ပြည့်ဝနေစေရေး အမြဲမပြတ်လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်ရှိ စစ်သည်များ အရည်အချင်း ပြည့်ဝနေစေရေး တပ်မှူးများဖြစ်သည့် မိမိတို့ကိုယ်တိုင်ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝလာစေရန် မှန်ကန်သည့် လေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးရန် လိုကြောင်း၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်တို့ဖြင့် မိမိတို့ ဦးဆောင်ရသည့်တပ်ကို စွမ်းရည်ရှိပြီး စနစ်ကျသည့်တပ်များဖြစ်အောင် တည်ဆောက်ရန်လိုကြောင်း။

စစ်သည်တစ်ဦးချင်း နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်နှင့် ဝတ္တရားများကို မှန်မှန်ကန်ကန် ဆောင်ရွက်စေခြင်းဖြင့် အမြဲမပြတ်လေ့ကျင့်ပေးနေရန်လိုကြောင်း၊ ထိုကဲ့သို့ သမ္မဇဉ်လုပ်ငန်းများတွင်ပါဝင်သည့် လေ့ကျင့်ရေးလုပ်ငန်းများကို မှန်မှန်ကန်ကန်ဆောင်ရွက်စေခြင်းအားဖြင့် တပ်၏ အရည်အသွေးနှင့် စစ်စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ အာဟာရပြည့်ဝစွာစားသုံးနိုင်ရေးအတွက် ရိက္ခာများကို သတ်မှတ်နှုန်းထားများအလိုက် ထုတ်ပေးလျက်ရှိသဖြင့် စစ်သည်များအနေဖြင့် ပြည့်ဝစွာစားသုံးရန် လိုအပ်ကြောင်း၊ အာဟာရပါဝင်မှုအချိုးအစားများကို စနစ်တကျတွက်ချက်ပြီး ထုတ်ပေးထားသည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်နှင့် ပြည့်ဝစွာစားသုံးမည်ဆိုပါက လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို ဆောင်ရွက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကွပ်ကဲကြပ်မတ်ရသည့် တပ်မှူးများအနေဖြင့်လည်း စစ်သည်တစ်ဦးချင်း၊ မိသားစုတစ်စုချင်း ရပိုင်ခွင့်များနှင့် ရသင့်ရထိုက်သည်များ ပြည့်ဝစွာရရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်များအားလုံး၏ ရပိုင်ခွင့်များ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်၏သက်ချောင်ချိရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ပေးရန်လိုပြီး ငွေကြေးသုံးစွဲမှုများ မှန်ကန်မှုရှိစေရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကျိုးအမြတ်ကို အဓိကမထားဘဲ စစ်သည်များနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက်သာ ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အများသက်သာချောင်ချိရေးအတွက် ထိရောက်သည့်လုပ်ငန်းများကို ဦးစားပေးအောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ မိသားစုများ၏ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးကိုလည်း မိသားစုများ၏ ဆန္ဒအလျောက် တတ်နိုင်သရွေ့ ဆောင်ရွက်နိုင်ရေး အားပေးကြရမည်ဖြစ်ပြီး ၎င်းတို့ မိသားစုတစ်စုချင်းစီ၏ စားရေးနှင့် စားရေးအတွက် ငွေကြေးသုံးစွဲရမှုများကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေမည်ဖြစ်ကြောင်း။

မိမိကိုယ်တိုင်နှင့် လက်အောက်ရှိ အရာရှိ၊ စစ်သည်များ၏ အသောက်အစား အပျော်အပါး လိုက်စားမှုများကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးမှတစ်ဆင့် မိမိကိုယ်တိုင်နှင့် မိမိဦးဆောင်ရသည့် တပ်၏ စွမ်းရည်ကိုထိခိုက်နိုင်ကြောင်း၊ လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များ ရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက် တာဝန်များကိုဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

## လူသာလျှင် ပဓာနဖြစ်သည့်အတွက် မိမိဦးဆောင်ရသည့် စစ်သည်များ၏ စိတ်ဓာတ်ကောင်းမွန်အောင် တည်ဆောက်

မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင် ပဓာနဆိုသည့်အတိုင်း ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လိုသည့် စိတ်ရှိရန်လိုကြောင်း၊ စစ်သည်များ၏ စိတ်ဓာတ်များ ကောင်းမွန်အောင် တည်ဆောက်ရန်လိုကြောင်း၊ စစ်သည်များ လူမှန်နေရာမှန်ဖြစ်ပြီး ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို တစ်ဦးချင်းစီ၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ ၎င်းတို့နှင့်သင့်တော်သည့် လုပ်ငန်းတာဝန်များကို နေရာမှန် တာဝန်ပေးအပ်နိုင်ရေး၊ တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး(Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ မိမိကိုယ်ကို ထိန်းသိမ်းသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်း ပေးရမည်ဖြစ်ကြောင်း၊ လက်အောက်၏ လိုအပ်ချက်ကို မိမိဖြေရှင်း၍ရသည့် နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးအတွက် လုပ်ငန်းအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်း ဘဝတိုးတက်ရေးအတွက် လေ့လာအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တပ်မှူးများ တစ်ဦးတစ်ယောက်ချင်းစီ၏ ဦးဆောင်မှုနှင့် စွမ်းဆောင်မှုများကောင်းမွန်ပါက တပ်များ၏ အရည်အသွေးများ မြင့်မားလာမည်ဖြစ်ပြီး တပ်မတော်တပ်ရပ်လုံးသည်လည်း စွမ်းရည်မြင့်မားလာစေမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့် အတူ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ သင်တန်းသား အရာရှိကြီးများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်စဉ်။

- ❖ **စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး ဗျူဟာမှူးကောင်း၊ ဦးစီးအရာရှိကောင်းများဖြစ်အောင် လေ့ကျင့်မွေးထုတ်ပေးခြင်းဖြစ်**
- ❖ **အာဟာရပါဝင်မှုအချိုးအစားများကို စနစ်တကျတွက်ချက်ပြီး ထုတ်ပေးထားသည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်နှင့် ပြည့်ဝစွာစားသုံးမည်ဆိုပါက လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို ဆောင်ရွက်မှုနှင့် ကျန်းမာကြံ့ခိုင်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်**
- ❖ **မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်

နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်ကောင်းမွန်ရန်လို

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင်ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ စိတ်ဓာတ်နှင့်ပတ်သက်၍ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို မိမိက ကျေပွန်စွာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ် ခံယူဆောင်ရွက်ရန်လိုပြီး ခံယူချက်ကောင်းမွန်စွာဖြင့် နေထိုင်ရန်လိုကြောင်း၊ မိမိတို့ကိုပေးအပ်သည့် တာဝန်များကို မငြီးမငြူဖြင့် ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ရုပ်ပိုင်းဆိုင်ရာများတွင် တက်တက်ကြွကြွဖြင့် ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် နေထိုင်စားသောက်မှုများကို ဂရုပြုရန်လိုပြီး ညီညွတ်မျှတသည့် နေထိုင်စားသောက်မှု ရှိရမည်ဖြစ်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် ကျန်းမာရေးကောင်းမွန်အောင်နေထိုင်ရန် လိုအပ်သကဲ့သို့ မိမိတို့မိသားစုများ၏ ကျန်းမာရေးကောင်းမွန်ရေးကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိမိတို့ဘဝရပ်တည်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတစ်ဦးတစ်ယောက် ကျန်းမာရေးကောင်းမွန်မှု မရှိပါက မိမိ၏လုပ်အား၊ မိမိကိုပြုစုစောင့်ရှောက်ရသူ၏လုပ်အား၊ မိမိအဖွဲ့အစည်း၏လုပ်အား စသည်ဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ဆုံးရှုံးမှုများ များစွာဖြစ်စေနိုင်သောကြောင့် မိမိကိုယ်ကို ကျန်းမာရေးကောင်းမွန်အောင် နေထိုင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးကို အထောက်အကူပြုစေရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန် ရည်ရွယ်၍ တပ်မတော်မှ တစ်သျှူးငှက်ပျောအပါအဝင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင်မြင်စွာထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှုသည် လူတစ်ဦးချင်းအတွက် များစွာအရေးကြီးသဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း။

## စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး စနစ်တကျရှိစေရေး

တပ်မတော်သားများအနေဖြင့် အချိန်အခါမရွေး တိုက်ပွဲဝင်နိုင်ရမည်ဖြစ်ပြီး ကျန်းမာရေးကောင်းမွန်မှသာလျှင် ထိုကဲ့သို့ တိုက်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဝင်ရာတွင် သင်ကြားပေးထားသည့် စစ်ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ပြီး တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်တွင် အဆင့်သတ်မှတ်ချက်များအလိုက် ၎င်းတို့နှင့် ကိုက်ညီသည့် လုပ်ငန်းတာဝန်များကို ပေးအပ်ထားကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် အရည်အချင်းအလိုက်၊ စစ်သက်အလိုက်၊ ထူးချွန်ထက်မြက်မှုများအလိုက် တစ်ဆင့်မြင့်သင်တန်းများကို အဆင့်ဆင့် တက်ရောက်ရသည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်ရန် သင်ကြားလေ့ကျင့်ပေးနေခြင်းပင်ဖြစ်ကြောင်း။ **စာမျက်နှာ ၆ သို့** ❖

☆ **ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို မိမိကကျေပွန်စွာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ် ခံယူဆောင်ရွက်ရန်လိုပြီး ခံယူချက်ကောင်းမွန်စွာဖြင့် နေထိုင်ရန်လို**

☆ **တိုက်ပွဲဝင်ရာတွင် သင်ကြားပေးထားသည့် စစ်ပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ပြီး တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ရမည်**

☆ **တပ်မတော်အနေဖြင့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်**

❖ စာမျက်နှာ ၅ မှ

တပ်မတော်သားများသည် စည်းကမ်းစနစ်တကျ ဖြစ်ရမည်ဖြစ်ပြီး စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်ပြီး လိုက်နာဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ အရပ်ဘက်၊ စစ်ဘက်တို့တွင် စည်းကမ်းများကို ချမှတ်ထားခြင်းသည် စည်းကမ်း စနစ်တကျရှိစေရေးအတွက် သတ်မှတ်ချက်များကို ချမှတ်ပေးထားခြင်းဖြစ်ပြီး ထိုကဲ့သို့ စည်းကမ်းတကျ ဖြစ်စေရေးအတွက် နေရာအလိုက်၊ ကဏ္ဍအလိုက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ရမည် ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များကိုလိုက်နာရန်အတွက် အမိန့် နာခံတတ်မှုရှိရန်လိုကြောင်း၊ တပ်မတော်သည် စည်းကမ်း၊ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်း ကောင်းမှုများရှိခြင်းကြောင့် ခိုင်မာသည့် အဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း။

တပ်မတော်သားများအားလုံးတွင် ကောင်းမွန်သည့် အခြေခံစိတ်ဓာတ်များရှိပြီးဖြစ်ကြောင်း၊ အဆိုပါ စိတ်ဓာတ်များ ခိုင်မာအောင် တစ်ဦးချင်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ လူသာလျှင်ပဓာနဖြစ်ပြီး လူတို့၏ ကြိုးစားအားထုတ်မှုဖြင့်သာ အကျိုးရလဒ်များ ကွာခြားသွားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး တစ်ဦးချင်းစိတ်ဓာတ်များ ကောင်းမွန်ခိုင်မာအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ကို စွမ်းရည်မြင့်အောင် ဆောင်ရွက်ခြင်းသည် စစ်သည်များပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း၏ စွမ်းဆောင်ရည်မြင့်မားခြင်းမှသည် တပ်တစ်တပ်လုံး ကောင်းမွန်လာမည်ဖြစ်ပြီး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ အောင်ပန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိကြမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ရေကြောင်းလူငယ်နှင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားနွေရာသီသင်တန်းများဖြစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြားသောအကျိုးပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်သင်ကြားပေးခဲ့သည့် ကျောင်းစာပေများကို ပြန်လည် လေ့လာသင်ကြားပေးခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာဖြင့် အသုံးချနိုင်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အလားတူ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် တပ်ဖွဲ့ဝင်တစ်ဦးအား စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

တပ်မတော်တစ်ရပ်လုံးသည်လည်း စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား သည်လည်း မြင့်မားလာမည် ဖြစ်ကြောင်း။

### တပ်မိသားစုများ သက်သာချောင်ချိရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်သားများနှင့် မိသားစုဝင်များ စားသောက်မှုအဆင်ပြေစေရေးနှင့် သက်သာချောင်ချိမှုရှိစေရေးအတွက် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မကြာမီအချိန်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာသင်ကြားမှုများ ပြီးဆုံးပြီး

သားသမီးများ ဗဟုသုတကြွယ်ဝစေရေးအတွက်လည်း အကျိုးရှိစေမည့် စာပေဗဟုသုတများကို ဖတ်ရှုလေ့လာမှတ်သား ကျင့်သုံးကြစေလိုကြောင်း၊ ထိုသို့ ဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ဘဝတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာတပ်နယ်မှူး၏ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသည့် တပ်ဖွဲ့ဝင်မိသားစုတစ်ဦးအား စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။

အဖွဲ့ဝင်များသည် အောင်ပန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ် စောရန်နိုင်၊ တပ်မတော်ပါရဂူများနှင့် ဆေးမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက ဆေးရုံ၏ တပ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေး နိုင်မှု၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ကုသ၊ ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ တပ်ပိုင်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အရာရှိ၊ စစ်သည်မိသားစုများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးချုပ်၏ ဇနီးသည်လည်း မွေးကင်းစလူနာဆောင်တွင် တက်ရောက်ကုသလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအား ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓာတ်ရောင်ခြည်ကုသဆောင်နှင့် ကင်ဆာရောဂါ ခွဲစိတ်ကုသဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တက်ရောက်




**နေပြည်တော် မတ် ၆**

နိုင်ငံတော်အစိုးရက စီစဉ်ပေးအပ်လျက်ရှိသည့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာကိစ္စနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးနေသည့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်နေသည့်ကိစ္စသည် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှ ရေရှည်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပညာသင်ထောက်ပံ့ကြေးကိစ္စ ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် နည်းပညာနှင့်သက်မွေးပညာရပ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက်တွင် သတ်မှတ်ထားသည့် ပညာသင်ထောက်ပံ့ကြေးပေးအပ်သည့် "မူ"၊ စိစစ် ရွေးချယ်မှုဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့်အညီ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှု ဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများအပေါ် အကြံပြုဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေး**

ယင်းနောက် တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်လျက်ရှိသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်း၊ သင်တန်းကျောင်းများ၏ အခြေအနေများကို လည်းကောင်း၊ တစ်ပြေးညီဖြစ်သင့်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များဆိုင်ရာကိစ္စ၊ စိစစ်ရွေးချယ်ပေးအပ်သင့်သည့် အရေအတွက်၊ နှုန်းထားသတ်မှတ်ပေးရေး စသည်တို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းပုံစံ ပြုစုနိုင်ရေးအတွက် အချက်အလက်အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် မတ် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းပြုစုခြင်း၊ ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း စသည့် လုပ်ငန်းစဉ်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် မေးခွန်းပုံစံပြုစုရေးအတွက် အချက်အလက်အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) MICC(2) ၌ ကျင်းပသည်။

**ထုတ်ပြန်ပေးနိုင်ခဲ့**

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံကာ စာရင်းဇယားများပြုစု၍ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်ထိ အစီရင်ခံစာများ၊ အကြောင်းအရာအလိုက် လေ့လာဆန်းစစ်ထားသည့် အသေးစိတ်သုတေသနစာတမ်းများ၊ မူဝါဒဆိုင်ရာ အကြံပြုချက်များ ထုတ်ပြန်ပေးနိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များကိုလည်း စာရင်းဇယားများပြုစုပြီး အစီရင်ခံစာများ ထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

ဆောင်ရွက်မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပြီး ရည်ညွှန်းချိန်၏ နောက်တစ်နေ့ဖြစ်သည့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူသွားမည် ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် ခေတ်မီ၍ အချိန်ကုန်သက်သာစေမည့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့် စနစ် (Computer Assisted Personal Interviews-CAPI) ကိုအသုံးပြုပြီး စာရင်းကောက်များက မိမိတာဝန်ကျရာ ကောက်ကွက်အတွင်း အိမ်တိုင်ရာရောက် တစ်အိမ်တက်ဆင်း Mobile Tablet များဖြင့် ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းကို ၂၀၁၉ ခုနှစ် ကြားဖြတ် သန်းခေါင်စာရင်းတွင်လည်း အသုံးပြုခဲ့ရာ လုပ်ငန်းပမာဏနှင့်အချိန်ကို သိသာစွာ လျှော့ချနိုင်ခဲ့ကြောင်းကို တွေ့ရှိရပါကြောင်း။

**အလေးထားဆောင်ရွက်**

သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကောက်ယူရမည်ဖြစ်သည့်အတွက် သန်းခေါင်စာရင်း မေးခွန်းများသည် ကျစ်ကျစ်လျစ်လျစ်ဖြစ်ရန် လိုအပ်ပြီး မေးခွန်းပုံစံပြုစုရာတွင် လိုက်နာဆောင်ရွက်ရမည့် ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ဝေထားသည့် Principles and Recommendation for Population and Housing Census-Revision 3 နှင့် အညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာသူများအနေဖြင့် မေးခွန်းအကြောင်းအရာများကို ဆွေးနွေးရာတွင် နိုင်ငံအတွင်းရှိ အချက်အလက် အသုံးပြုမည့် ဌာန/အဖွဲ့အစည်းများ၏ လိုအပ်ချက်၊ နိုင်ငံတကာနှင့် နှိုင်းယှဉ်နိုင်မှုတို့ကို ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး မေးခွန်းအရေအတွက် ဖောင်းပွမှုမရှိစေရေး အလေးထား ဆောင်ရွက်ကြစေလိုပါကြောင်း၊ အိမ်ထောင်စုတစ်စု စာရင်းကောက်ယူရန် ကြာချိန်၊ သန်းခေါင်စာရင်းကောက်ယူရမည့်ကာလ ကန့်သတ်ချက်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဘာသာစကားအခက်အခဲ၊ မြေပြင်အနေအထားနှင့် အခြားမမျှော်မှန်းနိုင်သည့် အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်း မေးခွန်းပုံစံပါ Indicator များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက သန်းခေါင်စာရင်းကောက်ယူရေးအတွက် ပြုစုထားသည့် မေးခွန်းပုံစံများကို အပိုင်းလိုက်ခွဲ၍ ရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သန်းခေါင်စာရင်း ကောက်ယူရာတွင် ထည့်သွင်းအသုံးပြုမည့် မေးခွန်းပုံစံများနှင့်ပတ်သက်၍ အဖွဲ့များခွဲကာ လိုအပ်ချက်များ၊ အကြံပြုသုံးသပ်ချက်များဖြင့် ရှင်းလင်းဆွေးနွေးကြပြီး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၄၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာ အခြေခံသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ





နေပြည်တော် မတ် ၆

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာ အခြေခံ သင်တန်းအမှတ်စဉ်(၂) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ဤသင်တန်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဥပဒေအသိပညာ ပြန့်ပွားရေး အတွက် အပြည်ပြည်ဆိုင်ရာဥပဒေ နှင့် အာဆီယံ ဥပဒေရေးရာအခြေခံ ဗဟုသုတများကို မျှဝေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ် ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန များထံမှ အတွေ့အကြုံ ဗဟုသုတ များလည်း ရလိုပါကြောင်း၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ အာဆီယံနှင့် ဒေသဆိုင်ရာစာချုပ်များ လက်မှတ် ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်း ဆောင်ရွက်ကြရာတွင် လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် MOU၊ MOA များ လက်မှတ်ရေးထိုး ဆောင်ရွက်ကြ ရာတွင် လည်းကောင်း ယင်းစာချုပ် များအား လက်မှတ်ရေးထိုးခြင်း မပြုမီ ဤဝန်ကြီးဌာနသို့ ဥပဒေ သဘောထား မှတ်ချက်များ တောင်းခံသည့်အခါ ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)တွင် အရည်အသွေးပြည့်မီ သည့် ဥပဒေအကြံဉာဏ်ပေး နိုင်ရေးသည် ဥပဒေရေးရာဝန်ကြီး ဌာန၏ ရည်မှန်းချက်ပန်းတိုင် တစ်ခုဖြစ်ကြောင်း၊ အဆိုပါ ရည်မှန်း ချက်ပန်းတိုင် အကောင်အထည် ဖော်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် ရည်ရွယ် ကြောင်း၊ ဤသင်တန်းသည် အခြေခံသင်တန်းဖြစ်သော်လည်း သင်တန်းမှရရှိမည့် အတွေ့အကြုံ ဗဟုသုတများကို မိမိတို့ဌာနတွင် ပြန်လည်မျှဝေ သင်ကြားပေး နိုင်ရေး Training of Trainers (ToT) အနေဖြင့် သင်ကြားခြင်း ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းကာလမှာ ငါးရက် ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ အခြေခံသဘောတရား များ၊ အပြည်ပြည်ဆိုင်ရာစာချုပ် စာတမ်းဥပဒေ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အာဆီယံ ပဋိညာဉ်စာတမ်း၊ ကွန်ဗင်းရှင်း များ၊ နှစ်နိုင်ငံသဘောတူစာချုပ် များ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့် အရေးဆိုင်ရာ သဘောတူစာချုပ် များအကြောင်း၊ ကမ္ဘာ့နိုင်ငံ အားလုံး၏ လူ့အခွင့်အရေးအခြေ အနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR Process)များ ဆွေးနွေး ပို့ချမည့်အပြင် သင်တန်းသား သင်တန်းသူများ အနေဖြင့် ဝန်ကြီးဌာနများက လက်မှတ်ရေးထိုးဆောင်ရွက်လေ့ ရှိကြသည့် MOU ၊ MOA များကို ဥပဒေကြောင်းအရ စိစစ်ခြင်းအား လက်တွေ့လေ့ကျင့်ခန်းများ ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်ကော်မြို့၌ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်း ပြုလုပ်

လှိုင်ကော် မတ် ၆

ကယားပြည်နယ်တရားလွှတ်တော်ရုံး ရွှေကိန္နရီ အစည်းအဝေး ခန်းမ၌ ယမန်နေ့နံနက် ၈ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းခြင်းနှင့် တရားစီရင်ရေး၊ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်သန်းသန်းအေးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်း အဝေးအား ထပ်ဆင့်ရှင်းလင်းခြင်းကို လည်းကောင်း၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီး ဒေါ်စဝ်ဥမ္မာကြည်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီး ဦးထွန်းထွန်းဦးတို့က လိုအပ်ချက်များမှာကြားခဲ့ သည်။

ဆက်လက်ပြီး ပြည်နယ်တရားရေးဦးစီးမှူးဒေါ်ချယ်ရီခင်က (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ထပ်ဆင့်ရှင်းလင်းပြီး ကယားပြည်နယ်အတွင်းရှိ ခရိုင်တရားသူကြီးနှင့် မြို့နယ်တရားသူကြီး တို့က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်



များနှင့်ပတ်သက်ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများ လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၆

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာအထက်တန်း စာစစ်ဌာနများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဘုရားကြီး အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနသို့ ရောက်ရှိကာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက် မဖြစ်စေရန် အထူးဂရုစိုက် ဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရန်နှင့် စာဖြေခန်း အတွင်း၊ အပြင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ အလင်းရောင်လုံလောက်စွာရရှိရေး၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို သက်သောင့်သက်သာ ဖြေဆိုနိုင်ရေးအတွက် စာဖြေခုံများကို စနစ်တကျ ထားရှိစေလိုကြောင်း၊ စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဘုရင့်နောင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် မှော်ဘီမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင် အခြေခံပညာ အထက်တန်းကျောင်းတို့တွင် တွဲဖက်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း စာသင်ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်များ ဆောက်လုပ်ရာတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေး ပြည့်မီစေရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပါက သန့်ရှင်းသပ်ရပ်စေရေး၊ ကျောင်းဥပမိရပ်ကောင်းမွန်စေရေးတို့ကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင် စာမေးပွဲကာလအတွင်း ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာန လေးခု ဖွင့်လှစ်ပေးရန် စီစဉ်

ရန်ကုန် မတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၃ ခုနှစ် မတ်လ ၈ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက်ဆေးရုံစာဖြေဌာန လေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ(လူနာ)များသည် အဆိုပါ ဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်



# ဒဂုံတက္ကသိုလ်၌ ပေါက်ဖော်ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၆

ဒဂုံတက္ကသိုလ်၌ China Foundation for Poverty Alleviation နှင့် Alibaba Group တို့ပူးပေါင်း၍ ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ်အတွက် ပေါက်ဖော်ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဒဂုံတက္ကသိုလ် ကောင်းညွှန့်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက အဖွင့်အမှာစကား ပြောကြားပြီး China Foundation for Poverty Alleviation မှ ဒေါ်ဆောင်းနှင်းပွင့်က Paukphaw Scholarship Project ပြုလုပ်ရခြင်းရည်ရွယ်ချက်မှာ ကျောင်းသား ကျောင်းသူများ၏ လူမှုစီးပွားနောက်ခံ မည်သို့ပင်ရှိစေကာမူ သာတူညီမျှသော ပညာသင်အခွင့်အလမ်းများ တိုးမြှင့်လာစေရန်၊ ကျောင်းသား ကျောင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများတိုးမြှင့်လာစေရန်၊ အလုပ်အကိုင်ရှာဖွေရန်နှင့် အသက်မွေးဝမ်းကျောင်း ရည်မှန်းချက် အောင်မြင်လာစေရန်၊ လူနေမှုအဆင့်အတန်း မြှင့်တင်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရေးအခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပေါက်ဖော်ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ၁၅၀ ကို တစ်ဦးလျှင် ပညာသင်စရိတ် ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၇၅၀ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပေါက်ဖော်ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးရှိ သီလရှင်ဆေးကုသဆောင် ဖွင့်လှစ်

မော်လမြိုင် မတ် ၆

မော်လမြိုင်မြို့ မေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်တိုက် ဒေါ်ကရုဏာဝတီကဦးဆောင်၍ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးအတွက် ဆောက်လုပ်လှူဒါန်းသော ၂၁ ခုတင်ဆံ့ သီလရှင် ဆေးကုသဆောင်ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ ဒေါ်လန်းသီလရှင်တိုက် ဒေါ်ကရုဏာဝတီနှင့် အလှူရှင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးကုသဆောင်အတွက် လှူဒါန်းသည့် သီလရှင်ဆေးကုသဆောင်နှင့် ပတ်သက်သည့် တည်ဆောက်ရေးမှတ်တမ်းနှင့် ပရိဘောဂစာရင်းများကို သီလရှင် ဒေါ်ကရုဏာဝတီက ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက လက်ခံရယူခဲ့ပြီး ဒေါ်ကရုဏာဝတီက မတည်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ၂၁ ခုတင်ဆံ့ သီလရှင် ဆေးကုသဆောင်ကိုမေတ္တာစွမ်းရည် ဒေါ်လန်းသီလရှင်တိုက် ဒေါ်ကရုဏာဝတီက ဦးဆောင်၍ အလှူရှင် ၁၄၈ ဦးတို့က စုပေါင်း၍ အလှူငွေကျပ် ၁၁၆၈၅၀၀၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လင်းခေးမြို့နယ်၌ Grade–9 အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်ရေး ဟောပြောပွဲကျင်းပ



လင်းခေး မတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်တွင် မြို့နယ်ပညာရေးမှူးရုံးမှကြီးမှူး၍ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းအဆင့် Grade–9 အောင်မြင် ပြီးမြောက်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်ခွင့် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက လင်းခေးမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး ဒေါ်နန်းထားကြည်နှင့် လင်းခေး အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမိုးနိုင်တို့က Grade–9 အောင်မြင်ပြီးမြောက်သော ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူနိုင်ခွင့် အကြောင်းနှင့် ပတ်သက်သည်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# ဗိုလ်တထောင်မြို့နယ်၌ ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် မတ် ၆

အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေး၊ ဗို့အားပြည့်ဝစွာရရှိရေးတို့အတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ဗိုလ်အောင်ကျော်လမ်းမကြီး၊ 6.6 KV ဗန္ဓုလပလာဇာဖီဒါတစ်လျှောက်ရှိ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို သီးခြားဓာတ်အားပိတ်ဆောင်ရွက်ခြင်းမပြုဘဲ အလှည့်ကျဓာတ်အားပြတ်တောက်ချိန်ဖြစ်သည့် မတ် ၆ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဆောင်ရွက်ခဲ့ကြရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ယင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကြေးမုံ

■

# ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ကြီးမှူးကျင်းပသော အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း- ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အရည်အသွေးထောက်ခံချက်ထုတ်ပေးသော အဖွဲ့များအတွက် လိုအပ်ချက်များဆိုင်ရာ (ISO/IEC 17065:2012) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

**အထောက်အပံ့ပြုမည်ဖြစ်**

အလုပ်ရုံဆွေးနွေးတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ISO/IEC 17065:2012 သင်တန်း အောင်မြင်ပြီးမြောက်ခဲ့သည့် လူသားအရင်းအမြစ်များသည် စံချိန်စံညွှန်းများနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်ရန် အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ ထို့အတူ အာဆီယံဒေသတွင်း ကုန်သွယ်မှုအတွက် တစ်ခုတည်းသောဈေးကွက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုသည်သာမက အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊



စက်ရုံများနှင့် အခြားစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့ထုတ်ကုန်အပေါ် ယုံကြည်ချက်ပြည့်ဝစွာ ဈေးကွက်ယှဉ်ပြိုင်နိုင်ခြင်းစသည့် အကျိုးသက်ရောက်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဤအလုပ်ရုံဆွေးနွေးပွဲသည် အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအောင်ကြီး၊ ဦးဝင်းဖေနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းတို့က Award of Certificates to representatives of participants of Training သင်တန်းသား ကိုယ်စားလှယ်များကို ISO/IEC 17065:2012 သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးကြသည်။

ယခု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းသည် အသိအမှတ်ပြုလက်မှတ်များရရှိခဲ့သည့် သင်တန်းဆရာများ၊ စစ်ဆေးသူအရာရှိများနှင့် Regulatory Authority များ ပူးပေါင်း၍ စံပြုအရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့တည်ထောင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်းရှိ အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့များ၊ အသိအမှတ်ပြုအဖွဲ့ ပိုမိုခိုင်မာအားကောင်းလာစေပြီး နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများစွာ ရရှိလာမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ နည်းပညာဆပ်ကော်မတီဝင်များ၊ Project Team Leader နှင့် ISO/IEC 17065:2012 သင်တန်းတက်ရောက်အောင်မြင်ခဲ့သည့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းကို မတ် ၆ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်စပ်လျဉ်း၍ အသိပညာမြင့်မားရေးသင်တန်း ဖွင့်လှစ်

**နေပြည်တော် မတ် ၆**

လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်စပ်လျဉ်း၍ အသိပညာမြင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူ့အခွင့်အရေး လိုအပ်ချက်များကို ရရှိခံစားနိုင်ရေး သို့မဟုတ် ရရှိနိုင်ရေးတောင်းဆိုရာတွင် အများပြည်သူ အနှောင့်အယှက်မဖြစ်စေရန်၊ အခြားသူတစ်ဦး၏ လူ့အခွင့်အရေးရရှိပိုင်ခွင့်ကို မထိခိုက်စေရန်၊ သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု ကိုးကွယ်ရာဘာသာ၊ ထုံးတမ်းစဉ်လာသတ်မှတ်ချက်များကို ကျော်လွန်မှုမရှိစေရန်နှင့် မိမိကိုယ်တိုင် တာဝန်သိမှု၊ တာဝန်ရှိမှုတို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း။



**သိရှိနားလည်နိုင်ရန်လိုအပ်**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံသူ နိုင်ငံသားများ၏ လူ့အခွင့်အရေးများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတို့ကို သိရှိနားလည်နိုင်ရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများကို ထိရောက်အောင် အကောင်အထည်ဖော်ခြင်းဖြင့် ဝန်ကြီးဌာန၏ မူဝါဒ ပြည့်မီစေရေးအပြင် ကုလသမဂ္ဂ၏ ၂၀၃၀ အစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ ပြည့်မီစေရေးအတွက်လည်း အထောက်အကူဖြစ်စေကြောင်း။

ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများ၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ခံစားရသည့် ကလေးသူငယ်များ၊ မသန်စွမ်းသူများ အပါအဝင် ထိခိုက်လွယ်အုပ်စုများ၊ မူးယစ်ဆေးဖြတ်ပြီးသူများနှင့် လူကုန်ကူးခံရသူများအတွက် လုပ်ငန်းစဉ် (၅) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအတွင်းရှိ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ရန် လိုအပ်သည့်အပြင် နိုင်ငံတကာမှ သဘောတူချမှတ်ထားသည့် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် သဘောတူညီချက်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းများ၊ လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် ဆက်စပ်သည့် သင်ခန်းစာများကို မတ် ၆ ရက်မှ ၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်ထားသော ရဲနွယ်ရေလှောင်တမံ၏ တမံကြံ့ခိုင်ရေးနှင့် သဘာဝဘေးကာကွယ်ရေး ကြည့်ရှုစစ်ဆေး



**နေပြည်တော် မတ် ၆**

သိပ္ပံနည်းကျ ပျားမွေးမြူခြင်းသည် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ငန်းအထိ လုပ်ကိုင်နိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က စားသုံးဆီဖူလုံရေးအတွက် နေကြာတိုးချဲ့စိုက်ပျိုးရေးကို အားပေးလျက်ရှိရာ နေကြာစိုက်ခင်းများတွင် ပျားမွေးမြူရေး တွဲဖက်လုပ်ကိုင်နိုင်ရေး အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပျားများ၏ သဘာဝဝတ်မှုန်ကူးပေးမှုကြောင့် နေကြာအထွက်နှုန်းကို တိုးတက်စေပြီး ပျားရည်ရောင်းချခြင်းမှ တောင်သူအတွက် အပိုဝင်ငွေရရှိစေမည်ဖြစ်၍ ပျားမွေးမြူရေး နည်းပညာနှင့် အသိပညာပေးလုပ်ငန်းများ၊ ပျားမွေးမြူရေးဆိုင်ရာ ဟောပြောပြသမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မတ် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (ပေါင်းငူ)ပျားလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့ပြင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ညောင်နှစ်ပင် စိုက်ပျိုး၊ မွေးမြူရေးအထူးဇုန် ဟင်းသီးဟင်းရွက်လက်ကားဈေး၏ ဟင်းသီးဟင်းရွက်၊ ဥယျာဉ်သီးနှံနှင့် သားငါးများရောင်းချရန် ဆောင်ရွက်နေမှု၊ လက်ကားဈေးဝင်းအတွင်း စိုက်ပျိုးရေးသုံး စက်ကိရိယာ၊ မျိုးစေ့၊ မြေဩဇာများ ရောင်းချရန်ဆိုင်ခန်းတည်ဆောက်နေမှုနှင့် စိုက်ပျိုး၊ မွေးမြူရေးအထူးဇုန်အတွင်းရှိ ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီးရှိ ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်ထားသော ရဲနွယ်ရေလှောင်တမံ၏ တမံကြံ့ခိုင်ရေးနှင့် သဘာဝဘေးကာကွယ်ရေးကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နှစ်စဉ် ပျမ်းမျှမိုးရေချိန်လက်မ ၁၁၀ ခန့် ရွာသွန်းသည့် ပဲခူးရိုးမတွင် မြစ်ဖျားခံသည့် ရဲနွယ်ချောင်းမှ ပြွန်တန်ဆာ လွင်ပြင်အား မိုးအခါ ရေလွှမ်းခြင်းကို ကာကွယ်ရန်၊ တစ်နှစ်ပတ်လုံး ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်နှင့် ရေသောက်စနစ်များ ပြီးစီးပါက လယ်မြေဧက ၆၂၀၀၀ အားစိုက်ပျိုးရေပေးဝေနိုင်ရန် တည်ဆောက်ခဲ့သော ရဲနွယ်ရေလှောင်တမံသည် ကန်ရေပြည့် သိုလှောင်ပမာဏ ဧကပေ ၉၃၀၀၀၀ ကျော်ရှိပြီး ၁၄ နှစ်ကာလအတွင်း ခုနစ်နှစ်မှာ ကန်ရေပြည့်ပမာဏထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်းတွင် ရေသိုလှောင်မှုပမာဏအများဆုံးဖြစ်သည့် ရဲနွယ်ရေလှောင်တမံအား အင်အားပြင်းလျင်နှင့် သဘာဝဘေးဒဏ်များ ခံနိုင်ရေးအတွက် တမံကြံ့ခိုင်မှု အဆင်မြှင့်တင်ခြင်းကို ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ၏ သုံးသပ်အကြံပြုချက်အရ ပြုပြင်မွမ်းမံလျက်ရှိရာ ယခုအခါ တမံအောက်ခြေကျောက်ကြီးထပ်ပိုးစီခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ၏ ရေပိုလွှဲအသစ်နှင့် ဆက်စပ်တမံတည်ဆောက်ခြင်းလုပ်ငန်း၊ တမံဖို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် သဘာဝဘေးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲအသစ်နှင့် ဆက်စပ်တမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မူလစိစစ်ရေိယာ ဧက ၂၃၀၀၀ ကျော်ကို ရေပေးဝေနိုင်မည်ဖြစ်ကာ လက်ရှိအခြေအနေထက် စိုက်ဧက ၁၃၀၀၀ ခန့် ပိုမိုတိုးမြင့်လာမည်ဖြစ်၍ ဒေသခံတောင်သူများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာရေးကို ထိရောက်စွာ အကျိုးပြုနိုင်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီတတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ တတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုသာမက သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများသည် စီးပွားရေးနှင့် လူမှုဘဝ တိုးတက် မြင့်မားရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ ပါရီသဘောတူညီချက်အရ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်တွင်ပါဝင်သည့် ကဏ္ဍအလိုက် ရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့်လောင်ကျွမ်းသည့်အခြားမီးတို့မှဖြစ်ပေါ်လာသော မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်မှုများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှော့ချနိုင်ရေး ဆက်လက် ကြိုးပမ်းသွားရန် လိုအပ်ကြောင်း။

အဏ္ဏဝါပင်လယ်ပြင် အမှိုက်သရိုက်များ၏ ၈၅ ရာခိုင်နှုန်းသည် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများဖြစ်ပြီး တစ်နှစ်လျှင်တန် ကိုးသန်းမှ ၁၄ သန်း ရောက်ရှိလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ လျော့ကျအောင် ဆောင်ရွက်လျက် ရှိကြောင်း၊ လေထုအရည်အသွေးကို တိုင်းတာစစ်ဆေးပြီးရလဒ်များကို လစဉ်ပုံမှန်သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များသည် လုပ်ငန်းကဏ္ဍ အားလုံးနှင့် ဆက်စပ်နေသည့်အတွက် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ရပ် အနေဖြင့်သာမက သက်ဆိုင်ရာကဏ္ဍများနှင့် ဆက်စပ်ပတ်သက်သူများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့တက်ရောက်လာသူများက ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြကာ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်နှင့် အမြဲတမ်းအတွင်းဝန်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၆**

(၄၃) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (43rd Meeting of the High–level Task Force on ASEAN Economic Integration – HLTF–EI) အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဘေလီတန်ကျွန်း၌ မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲမှုတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အနေဖြင့် ထည့်သွင်းလိုသည့်ကိစ္စရပ်များနှင့် အင်ဒိုနီးရှားနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်ကာလ ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မှတ်တမ်းတင်ကြပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့်အာဆီယံဒေသဖြစ်လာစေရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေးမူဘောင်အကောင်အထည်ဖော်မှု၊ ကာဗွန်လျှော့ချရေးဆိုင်ရာ အာဆီယံဗျူဟာရေးဆွဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု မြှင့်တင်ရေးနှင့် အာဆီယံအဏ္ဏဝါစီးပွားရေး မူဘောင်ရေးဆွဲမှုများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးကာလအတွင်း ကောင်းမွန်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အာဆီယံလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး စတုတ္ထစက်မှုအသွင်ကူးပြောင်းမှုဆိုင်ရာ အာဆီယံမဟာဗျူဟာကို အကောင်အထည်ဖော်မှု၊ အာဆီယံဒစ်ဂျစ်တယ်စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဘောင်ဒါဆီရီဘီဂါဝမ် လမ်းပြမြေပုံ အကောင်အထည်ဖော်မှုနှင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှု၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အောက်၌ အာဆီယံတီထွင်ဆန်းသစ်သော စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့တည်ထောင်ခြင်းနှင့်စပ်လျဉ်းသည့် အဆိုပြုချက်တို့အပေါ် မှတ်တမ်းတင်ကြကာ မတ်လတွင် ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တင်ပြမည့်အကြံပြုချက်များအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ထည့်သွင်းစဉ်းစားရန် လိုအပ်**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန်မျှော်မှန်းချက်တွင် အဖွဲ့ဝင်နိုင်ငံများအကြား လူမှု–စီးပွားဖွံ့ဖြိုးမှုကွာဟချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးမှုသည် ဒေသတွင်း စီးပွားရေးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက်များတွင် ချိတ်ဆက်ပါဝင်ရန် အလွန်အရေးပါကြောင်း၊ အဆိုပါနည်းပညာဖွံ့ဖြိုးမှုနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပျံ့နှံ့စွာအသုံးပြုနိုင်မှုသည် ဒစ်ဂျစ်တယ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုသည်အလွန်အရေးကြီးကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ဒစ်ဂျစ်တယ်အဆောက်အအုံနှင့် နည်းပညာကွာခြားချက်ရှိသည်ကို အသိအမှတ်ပြု၍ စွမ်းဆောင်ရည်နှင့် လုပ်ကိုင်နိုင်စွမ်းရှိသည့်လူသားအရင်းမြစ်ပြုစုပျိုးထောင်ရေးသည် များစွာအရေးကြီးကြောင်း၊ နည်းပညာအသုံးချနိုင်မှုသည်ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန် များစွာအရေးပါသော်လည်း အရင်းအနှီးသုံးနိုင်သည့်နည်းပညာများသည် ဒေသတွင်းအလုပ်လက်မဲ့ကို ပိုမိုများပြားလာစေနိုင်ကြောင်း၊ ဘက်ညီမျှစွာ ဆောင်ရွက်မှုနှင့်အတူ တီထွင်ဆန်းသစ်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုများ ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အောက်၌ အာဆီယံတီထွင်ဆန်းသစ်သော စီးပွားရေးဆိုင်ရာလုပ်ငန်းအဖွဲ့တည်ထောင်ခြင်းနှင့်စပ်လျဉ်းသည့် အဆိုပြုချက်ကိုကြိုဆိုပါကြောင်း။

ဒေသတွင်းလျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အာဆီယံလျှပ်စစ်မော်တော်ယာဉ်ဆိုင်ရာ စီးပွားရေးစနစ်ပူးပေါင်းဆောင်ရွက်မှုကြေညာချက် ထုတ်ပြန်ရန် ဆောင်ရွက်နေခြင်းကို ကြိုဆိုပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း စွမ်းအင်အသွင်ကူးပြောင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လျှပ်စစ်မော်တော်ယာဉ်မူဝါဒ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းစေသည့် စီးပွားရေးမူဘောင်ရေးဆွဲရာတွင်ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် စွမ်းအင်အသွင်ကူးပြောင်းမှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြား ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဒုတိယဝန်ကြီး H.E Edi Prio Pambudi ကအစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှတာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံ စီးပွားရေးအသိုက်အဝန်း၏အကြံပေးအဖွဲ့ဖြစ်ပြီး အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီး အဆင့်ရှိပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးသည် မတ် ၁ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံအဏ္ဏဝါ စီးပွားရေးမူဘောင်နှင့် စပ်လျဉ်းသည့် သက်ဆိုင်သူများနှင့်ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ သကြ်ာန်ကာလမှ**

သင်္ကြန်ကာလဟာ ရုံးပိတ်ရက်ရှည်ဖြစ်တဲ့အတွက် ငပလီကို လေယာဉ်နဲ့လာရောက်နိုင်သလို ဂွတံတားလည်းဖွင့်လှစ်လိုက်ပြီဖြစ်လို့ ကားနဲ့လည်းလာရောက်လည်ပတ်လို့အဆင်ပြေသွားပါပြီ။ နိုင်ငံခြားခရီးသွားတွေကို Tourism Visa တွေလည်းပေးထားတဲ့အတွက်မနှစ်ကထက် အပန်းဖြေခရီးသွား ပိုပြီးဝင်နိုင်ပါတယ်။ ငပလီကမ်းခြေဟာ သန့်ရှင်းသာယာလှပတဲ့အတွက် အမှိုက်ကင်းစင်အောင်၊ ဈေးသည်တွေစနစ်တကျရောင်းဝယ်ပြီး ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ ဒေသခံတွေနဲ့၊ ခရီးသွားတွေအနေနဲ့ငပလီကမ်းခြေရဲ့ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပဖို့ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဖို့လည်း အကြံပေးလိုပါတယ်”ဟု ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က ပြောသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ငပလီကမ်းခြေသို့ ၂၀၂၂ ခုနှစ်၏ နှစ်ဆန်းပိုင်းထက် ခရီးသွားများ ပိုမိုဝင်ရောက်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါ သက်ရောက်စဉ်ကာလတွင် အပန်းဖြေကမ်းခြေကို ယာယီပိတ်ထားခဲ့ပြီး ပြန်လည်ဖွင့်လှစ်သောကာလတွင် စီးပွားရေးအခွင့်အလမ်းများ ပြန်လည်ပွင့်လန်းလာမှုဖြင့် ဟိုတယ်များနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလာခဲ့သည်။

ငပလီကမ်းခြေ၌ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၅၅ လုံးဖွင့်လှစ်ထားရာ သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်ချက်

❖ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည် ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား ပုံစံအသစ်အား(၁-၇-၂၀၂၀)ရက်မှ စတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက် ပေးလျက်ရှိပါသည်။

❖ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်းအား အချိန်တိုအတွင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃)ရက်အပြီး သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

❖ ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ခြင်း မြန်ဆန်စွာ ရာနှုန်းပြည့်ပြီးစီးရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် (၃၁-၃-၂၀၂၃) ရက်နေ့အပြီး မပျက်မကွက် ပြောင်းလဲတပ်ဆင်ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

❖ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မွန်ပြည်နယ်၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**သံဖြူဇရပ် မတ် ၆**

မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြစ်မြောက်ရေးကိုလည်း ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသထွက်ကုန်ကြမ်းများ ထုတ်လုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို တစိုက်မတ်မတ် အားပေးလျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၏ အားနည်းချက်၊ အားသာချက်များကို သိရှိပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်ယခုကဲ့သို့စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီးတွင် ကျင်းပရခြင်းဖြစ်ကြောင်း၊ စပါးနှင့် ဆီထွက်သီးနှံများ ဆက်လက်စိုက်ပျိုးရန်၊




နေကြာနှင့် အခြားဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးခြင်းတို့အတွက် အားပေးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုအခြေအနေ၊ စွန့်ဦးတီထွင်လုပ်ငန်း အခန်းကဏ္ဍများအပြင် အကျိုးဖြစ်ထွန်းသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူး (အစိုးရအဖွဲ့အတွင်းရေးမှူး) တို့က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက်စကားဝိုင်းဆွေးနွေးပွဲအားဆက်လက်ကျင်းပရာ တက်ရောက်ဆွေးနွေးသူများက စက်မှုနှင့် MSMEs ကဏ္ဍ၊ မြေယာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ဈေးကွက်ရရှိရေးကဏ္ဍ၊ အခွန်ကဏ္ဍ၊ ဘဏ်လုပ်ငန်းများကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍ၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ ဆွေးနွေးကြမှုအပေါ် အသေးစား၊ အငယ်စားနှင့် အလတ်စား ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း၊ ဖြည့်စွက်အကြံပြု ဆွေးနွေးခြင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့အား ဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## (၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် မတ် ၆**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် နေပြည်တော်၌ ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ၊ ခရိုင်တရားသူကြီးများ၏ (၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို မတ် ၆ ရက် ညနေ ၃ နာရီခွဲက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော်တွင် ကျင်းပရာ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးက အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တရားသူကြီးချုပ်က ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းဆွေးနွေးပြီး မွန်ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ခင်နှင်းထွေး့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေးအခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်ဌေးမြင့်အေးနှင့် ဒေါ်ညိုမီစံတို့က တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ မှာကြားဆွေးနွေးပြီး ပြည်နယ်တရားရေးဦးစီးမှူးက ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ဒိုက်ဦး မတ် ၆**

ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးသည် ဒိုက်ဦးမြို့ ရဲထွန်း ဆန်စက်၊ ဆီစက်လုပ်ငန်းရှင် ဦးရဲမြင့်၏ လုပ်ငန်းခွင်သို့ ယနေ့နံနက်ပိုင်းက ရောက်ရှိခဲ့ရာ လုပ်ငန်းရှင်က ဆန်စက်၊ ဆီစက်၊ စပါးအခြောက်ခံစက် လုပ်ငန်းများအား စပါးခွံ စွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံဖြင့် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ဝန်ကြီးသည် စပါးခွံ စွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်ဓာတ်အားဖြင့် ဆီစက်၊ ဆန်စက်၊ စပါးအခြောက်ခံစက် လည်ပတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စပါးခွံလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ ထုတ်လုပ်၍ ကျေးလက်ဒေသများအထိ လျှပ်စစ်မီးနှင့် ဆန်စက်ငယ်များ စသည့်အိမ်တွင်းစက်မှုလုပ်ငန်းများ သုံးစွဲနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်ပပို့ကုန်အဖြစ်လည်း ဈေးကွက်ရရှိနိုင်ရေး ဆောင်ရွက်ရန်၊ ဆန်စက်လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ Gasifire Power Plant ဖြင့် လျှပ်စစ်ဓာတ်အား လျှော့ချသုံးစွဲနိုင်ရေး အသိပညာပေးရန်နှင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေး စီမံချက်များ ချမှတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကြောင်း သိရသည်။

**ကျော်ကျော်( ပြန်/ဆက်)**

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## အီရန်နိုင်ငံက ပြည်တွင်းထုတ် ဂြိုဟ်တုနှစ်လုံးအား ရုရှားအကူအညီဖြင့် လွှတ်တင်မည်



**တီဟီရန် မတ် ၆**

အီရန်နိုင်ငံက ပြည်တွင်းထုတ် ဂြိုဟ်တုနှစ်လုံးကို ယခုနှစ် ဒီဇင်ဘာလတွင် ရုရှားနိုင်ငံ၏ အကူအညီဖြင့် လွှတ်တင်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံသတင်းအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

**အီရန်နည်းပညာကုမ္ပဏီများက တီထွင်ခဲ့**

ကိုဆာနှင့်ဟောဒ့်ဟု အမည်ရသည့် ဂြိုဟ်တုများအား အီရန်နည်းပညာကုမ္ပဏီများက တီထွင်ခဲ့ခြင်းဖြစ်ကာ ရုရှား ဒုံးပျံတင်ယာဉ်များဖြင့် အာကာသထဲသို့ ပစ်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဆာသည် ကမ္ဘာမြေပြင်စူးစမ်းလေ့လာရေးယာဉ် အမျိုးအစားဖြစ်ပြီး အာကာသထဲမှ ကြည်လင်ပြတ်သားသည့် ဓာတ်ပုံများရယူကာ စိုက်ပျိုးရေးလုပ်ငန်း၊ မြေတိုင်းလုပ်ငန်းနှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ခြင်းတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။

အခြားဂြိုဟ်တုတစ်လုံးဖြစ်သည့် ဟောဒ့်ဟုကိုလည်း စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက် အထောက်အကူပြုနိုင်ရန် အာကာသထဲသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း၌ မြေပြိုမှုကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံး

**ဂျကာတာ မတ် ၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ရိုင်အူးကျွန်းစုတွင် မတ် ၆ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၀ ဦးသေဆုံးခဲ့ကြောင်းနှင့် ပျောက်ဆုံးသူအများအပြားရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက ပြောကြားသည်။

အဆိုပါမြေပြိုမှုမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးဒဏ်ရာရရှိသူ အရေအတွက်သည် မြင့်တက်လာဖွယ်ရှိကြောင်းနှင့် မြေပြိုမှုဖြစ်ပွားရာ ဒေသများတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လျော့ပါးသက်သာရေးအေဂျင်စီ၏ အရေးပေါ်ဌာနအကြီးအကဲ ဂျူနိုင်နက်က ပြောကြားသည်။

အဆိုပါသဘာဝဘေးကို တုံ့ပြန်ဆောင်ရွက်ရန် မြေပြိုမှုဖြစ်ပွားရာဒေသသို့ ပူးပေါင်းကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်ချထားကြောင်းနှင့် ယင်းအဖွဲ့တွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ သဘာဝဘေး စီမံခန့်ခွဲမှုအေဂျင်စီမှ ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားကြောင်း သဘာဝဘေး ရှာဖွေကယ်ဆယ်ရေးရုံးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



## တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်၌ ၂၀၂၃ ခုနှစ်အတွင်း 5G အခြေစိုက်စခန်းပေါင်း ၃၀၀၀၀ ကျော်တည်ဆောက်မည်

**ပေကျင်း မတ် ၆**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်၌ ၂၀၂၃ ခုနှစ်အတွင်း 5G အခြေစိုက်စခန်းပေါင်း ၃၀၀၀၀ ကျော် တည်ဆောက်သွားမည် ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံ ကွေ့ကျိုးပြည်နယ်၌ အဓိကဒေသအားလုံးကို လွှမ်းခြုံနိုင်စေရေးအတွက် လက်ရှိအချိန်အထိ ပြည်နယ်တစ်ဝန်းတွင် 5G အခြေစိုက်စခန်းပေါင်း ၈၄၃၀၀ တည်ဆောက်ပြီးဖြစ်ကြောင်း ကွေ့ကျိုးပြည်နယ်ဆက်သွယ်ရေးစီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

ကွေ့ကျိုးပြည်နယ်သည် ၂၀၂၅ ခုနှစ်တွင် 5G အခြေစိုက်စခန်းပေါင်း ၁၆၀၀၀၀ ကျော် တည်ဆောက်ပြီးစီးရန် မျှော်လင့်ထားကြောင်းနှင့် ၂၀၂၃ ခုနှစ်အတွင်း ကွေ့ကျိုးပြည်နယ်၏ ဂျီဒီပီကို ယွမ် ၂ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၃၁၉ ဘီလီယံခန့်)အထိ ရောက်ရှိရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – အလင်းသစ်**



## ဗီယက်နမ်နိုင်ငံ၌ ကုန်စည်ပြပွဲကျင်းပမည်

**ဟန္နွိုင်း မတ် ၆**

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးသောကုန်စည်ပြပွဲတစ်ခုကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ မြို့တော်ဟန္နွိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ နိုင်ငံနှင့်ဒေသပေါင်း ၁၅ ခုမှ လုပ်ငန်းရှင်များအား ဖိတ်ခေါ်သွားမည်ဖြစ်သည်။ ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၂၃ (Vietnam Expo 2023) သည် ပြည်တွင်းထုတ်ကုန်များအတွက် နိုင်ငံတကာဈေးကွက်ရှာဖွေရန်နှင့် နိုင်ငံတကာကုန်သွယ်ဖက်အဖွဲ့ အစည်းများအား ဗီယက်နမ်နိုင်ငံအတွင်း ဈေးကွက်ချဲ့ထွင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြပွဲတွင် တရုတ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် တောင်ကိုရီးယားနိုင်ငံများမှ ဒေသထွက်ကုန်များအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၅ ခုမှ ပြခန်းပေါင်း ၆၀၀ နှင့် လျှပ်စစ်နှင့်စက်မှုဆိုင်ရာ ပစ္စည်းကိရိယာများ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် အီလက်ထရွန်နစ်ကုန်သွယ်ရေးကဏ္ဍတို့ကို ပါဝင်ပြသသွားမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ဗီယက်နမ်နိုင်ငံ ဒေသအများအပြား၌ လေထုညစ်ညမ်းမှုများ မြင့်တက်လျက်ရှိ

**ဟန္နွိုင်း မတ် ၆**

ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နွိုင်းအပါအဝင် နိုင်ငံအတွင်းရှိ ဒေသအများအပြား၌ လေထုညစ်ညမ်းမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ယင်းအခြေအနေကို အလျင်အမြန်ကိုင်တွယ် ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းစာက ယနေ့တွင်ပြောကြားသည်။ လက်ရှိအချိန်တွင် မြို့တော်ဟန္နွိုင်းနှင့် ဒေသအများအပြားရှိ လေထုထဲတွင် ဖုန်မှုန့်များသိပ်သည်းစွာတည်ရှိနေကာ လေထုညစ်ညမ်းမှုများ မြင့်တက်နေပြီး ဒေသခံများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများကို ထိခိုက်နိုင်သည့် အခြေအနေရှိကြောင်း လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဌာနကဆိုသည်။

နိုင်ငံတောင်ပိုင်း ဟိုချီမင်းစီးတီးနှင့် မြောက်ပိုင်း သိုင်းငုယင်မြို့များရှိ လေထုအရည်အသွေးဆိုင်ရာအညွှန်းကိန်းသည် ဒေသခံများအတွက် ကျန်းမာရေးထိခိုက်နိုင်သည့် အတိုင်းအတာအထိကျဆင်းနေသည်။ နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများကိုလည်း လေထုညစ်ညမ်းမှု ထိန်းချုပ်ရေး ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

**ကိုးကား – ဆင်ဟွာ ဘာသာပြန် – စိုးသူရ**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၀၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၃-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၃)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၇၅,၀၂၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၁၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ် -၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers(ToT)သင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနား အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ ကျင်းပ



**ရန်ကုန် မတ် ၆**

မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း အသုံးပြုလာကြတော့မည့် လျှပ်စစ်သုံး ယာဉ်များအတွက် ရည်ရွယ်၍ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ Training of Trainers (ToT) သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ကျောင်းအုပ်ကြီး ဦးမြတ်ကိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး လျှပ်စစ်သုံးယာဉ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ အလုပ်ရုံများတွင် သင်ကြားသင်ယူမှုအတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း ဆောင်ရွက်ထားရှိမှု၊ သင်ကြားပေးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လျှပ်စစ်သုံး ယာဉ်ဆိုင်ရာ Training of Trainers(ToT) သင်တန်း အမှတ်စဉ်(၂) တွင် (၁) Electric Power Train၊ (၂) Electrical Power System၊ (၃) Practical approach to electronics in EV၊ (၄) Sensor and Networking Technology၊ (၅) Automotive Material နှင့် (၆) Theory of Automobile ဘာသာရပ်များသင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ သင်တန်းသား ငါးဦး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ၁၀ ဦးနှင့် စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ ခြောက်ဦး စုစုပေါင်းသင်တန်းသား ၂၁ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၆ ရက်မှ ၃၁ ရက်အထိ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းဖြင့် စုစုပေါင်း လေးပတ်(နာရီ ၁၂၀)ကြာလေ့ကျင့်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ တင်သွင်းရောက်ရှိ

**နေပြည်တော် မတ် ၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60KW ငါးစုံသည် ယနေ့တွင် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါအားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၆**

ဘင်္ဂလား ပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင် ၁၀၇ ခုအား အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချ

**သာစည် မတ် ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့် အရပ်ရပ်အခွင့်အရေးလိုင်စင်များကို မတ် ၆ ရက် နံနက် ၁၀ နာရီက အိတ်ဖွင့်လေလံစနစ်ဖြင့် သာစည်မြို့နယ်ခန်းမ၌ လေလံရောင်းချခဲ့ကြောင်း သိရသည်။

**လိုင်စင် ၁၀၇ ခု ရောင်းချ**

ရှေးဦးစွာ လေလံရောင်းချရေးကြီးကြပ်မှုအဖွဲ့ခေါင်းဆောင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းသီဟအောင်က လေလံစည်းကမ်းဆိုင်ရာများကို ရှင်းလင်းသည်။ ဆက်လက်ပြီး လိုင်စင်စီများက လိုင်စင်စည်းကမ်းချက်များနှင့် အိတ်ဖွင့်လေလံရောင်းချခြင်းတို့နှင့်ပတ်သက်၍ မရှင်းလင်းသည်များကိုမေးမြန်းရာ အမှုဆောင်အရာရှိက ပြန်လည်ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းလုပ်ကိုင်ခွင့်အရပ်ရပ်အခွင့်အရေးလိုင်စင် ၁၀၇ ခုတို့ကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချကြောင်း သိရသည်။

အဆိုပါ အရပ်ရပ်အခွင့်အရေးလိုင်စင်များတွင် သားသတ်လိုင်စင် ၈၂ ခု၊ အပေါင်ဆိုင်လိုင်စင် ၁၁ ခု၊ ဈေးကောက်လိုင်စင် ရှစ်ခု၊ စက်ဘီးအပ်နှံခကောက်ခံခွင့်လိုင်စင် လေးခု၊ နွားပွဲဈေးကောက်လိုင်စင် တစ်ခုနှင့် မြို့မဈေး ရေလောင်းအိမ်သာကောက်ခံခွင့် လိုင်စင်တစ်ခုတို့ဖြစ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ " KNLA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ" ခေါင်းစဉ်ဖြင့် ၈-၃-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "လူငယ်တွေရဲ့ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့PDFများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၆**

ရခိုင်ပြည်နယ် အတွင်းရှိ ကမ်းရိုးတန်း ဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့များမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သဖြုချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ခွဲစိတ်ကုသပြီးသော မျက်စိခွဲစိတ်လူနာ ၁၁ ဦးကို ဆေးရုံရေယာဉ်ပေါ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ခွဲစိတ်လူနာများအား မျက်မှန်များ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် မျက်စိအထောက်အကူပြု ဆေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ မျက်စိခွဲစိတ်လူနာများအား သဖြုချိုင်ကျေးရွာသို့ ပြန်လည်ပို့ဆောင်ပေးသည်။ ယင်းနောက်တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) သည် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရန် သဖြုချိုင်ကျေးရွာမှ ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျေးရွာသို့ ဆက်လက်ထွက်ခွာကြသည်။





ဒေသခံပြည်သူတစ်ဦး



ဒေသခံပြည်သူတစ်ဦး

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

ကျွန်မအနေနဲ့ အခုလိုမျက်စိခွဲစိတ် ကုသပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ပျော်လည်းပျော်တယ်။ အခုလို ကုသပေးတဲ့အတွက် ခလုတ်မထိ ဆူးမငြိပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ အရင်ကမျက်စိတစ်လုံးက ကွယ်နေတာ အခုတော့ ပြန်မြင်လို့ ဝမ်းသာပါတယ်။ ကိုယ့်ကို ကုသပေးတဲ့ ဆရာ ဆရာမတွေကို မြင်ရတော့ ဝမ်းသာမိပါတယ်။ စားရေးသောက်ရေးအတွက် အစစအရာရာ စီစဉ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။

ကျွန်တော်အစက မျက်စိကမှုန်တယ်။ မမြင်ရဘူး။ အခုတော့ အားလုံးကို လင်းလင်းထင်းထင်း သဲသဲကွဲကွဲမြင်ရပြီ ဆိုတော့ ဝမ်းသာပါတယ်။ စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ သင်္ဘောကြီးနဲ့ လာရောက် ဆေးကုသပေးတဲ့အတွက် အထူးဝမ်းသာပါတယ်။ အဲဒါကြောင့် ပါရဂူကြီးတွေ အပါအဝင် ဆေးအဖွဲ့အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ သံလွင်သင်္ဘောကြီးနဲ့ ကမ်းခြေဒေသတွေမှာ ရှိတဲ့ ဒေသခံပြည်သူတွေကို အခုလို ဆေးကုသမှု ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မျက်စိရောဂါတစ်ခုတည်း မဟုတ်ဘဲ ရောဂါပေါင်းစုံကို ကုသပေးနေတဲ့အတွက် ဆေးရုံ၊ ဆေးခန်း မသွားနိုင်တဲ့သူတွေအတွက် အထောက်အကူ အများကြီးဖြစ်ပါတယ်။ နောက်ကိုလည်း အခုလို လာရောက် ဆေးကုသဖို့ဖိတ်ခေါ်ပါတယ်။ သွားရေးလာရေးခက်ခဲတဲ့ဒေသတွေကို အခုလိုဆေးကုသမှုတွေ ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲ ကိုလည်း ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

■

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နေ ဖြိုးသန္တာသိမ့်သည် ၎င်းအသုံးပြုသည့် "Phyo Thandar Theint" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■







## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း

**ရန်ကုန် မတ် ၆**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(MIAC)မှ ကြီးမှူးဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာသင်တန်း An Introduction to Mediation and Arbitration Course(Basic) အမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် MIAC(ဗဟို) သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် MIAC(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသားများ၏ မေးမြန်းချက်များကို သင်တန်းတာဝန်ခံ ဆရာကြီး ဦးကျူးခေါင်နှင့် နည်းပြဆရာကြီး ဆရာမကြီးများက ဖြေကြားသည်။ သင်တန်းတာဝန်ခံဆရာကြီး ဦးကျူးခေါင်က ပြောကြားရာတွင် ယခုသင်တန်း အောင်မြင်ပြီးမြောက်သောပုဂ္ဂိုလ်များသည် နောင်တွင်ဖွင့်လှစ်မည့် Advance Course နှင့် Arbitrator Course များသို့ ဆက်လက်တက်ရောက်ကြပါရန်နှင့် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်ပြည့်စုံသော Arbitrator ကောင်းများ ပေါ်ထွက်လာရေး ကြိုးစားကြပါရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများသို့ နည်းပြဆရာကြီး ဆရာမကြီးများက သင်တန်းဆင်းလက်မှတ်များ တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။ **မောင်မောင်(လျှပ်စစ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၅ | ၂၂၃၅ | ၂၂၄၅ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၁၀ |
| 95 Ron | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၅ | ၂၃၂၅ | ၂၃၀၅ | ၂၄၀၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၃၀ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၀ | ၂၄၂၀ | ၂၃၈၅ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၀၅ | ၂၄၃၅ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၈၅ | ၂၁၆၀ |
| 95 Ron | ၂၁၅၉ | ၂၂၃၅ |
| HSD (500 ppm) | ၂၁၆၂ | ၂၂၃၅ |
| HSD (50 ppm) | ၂၂၃၆ | ၂၃၁၀ |
| HSD (10 ppm) | ၂၂၃၆ | ၂၃၁၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**❍ လီဗာပူးအသင်းမှ**

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၄၃ မိနစ်နဲ့ မိနစ် ၅၀ တို့မှာ ဂက်ပိုက နှစ်ဂိုး၊ ၄၇ မိနစ်နဲ့ ၇၅ မိနစ်တို့မှာ ဒါဝင်နူနက်ဇ်ကနှစ်ဂိုး၊ ၆၆ မိနစ်နဲ့ ၈၃ မိနစ်တို့မှာ မိုဟာမက်ဆာလာက နှစ်ဂိုးနဲ့ ၈၈ မိနစ်မှာ ဖာမီနိုကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လီဗာပူးအသင်းနဲ့ အတူ ပရီမီယာလိဂ်သွင်းဂိုး ၁၂၉ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပြီး လီဗာပူးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ၁၂၈ ဂိုး သွင်းယူထားကာ စံချိန်တင်နိုင်ခဲ့တဲ့ တိုက်စစ်မှူး ရော့ဘီဖိုလာရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက မန်ယူအသင်းရဲ့ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ငါးဂိုးပြတ်၊ လီဗာပူးအသင်းရဲ့ အိမ်ကွင်းအန်ဖီးလ်မှာ လေးဂိုးပြတ်နဲ့ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုဘောလုံးရာသီ ပရီမီယာလိဂ်ပထမအကျော့မှာ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အိုးထရက်ဖို့ဒ်မှာ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပရီမီယာလိဂ် ဒုတိယအကျော့ပွဲစဉ်မှာ လီဗာပူးအသင်းက မန်ယူအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အခွင့်အရေး နီးစပ်လာခဲ့ပြီဖြစ်ပြီး အမှတ်ပေးဇယား အဆင့်(၄) နေရာက စပါးအသင်းနဲ့ သုံးမှတ်သာ ကွာဟတော့တာဖြစ်ပါတယ်။

ငွေကြယ်

**❖ ကျောဖုံးမှ**

ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက GFA အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာသီအစ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးထားသည့် ဟံသာဝတီအသင်းသည် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် ဒဏ်ရာရကစားသမားများရှိနေသဖြင့် ပွဲထွက်လူစာရင်းကို ကြီးကြီးမားမား ပြောင်းလဲခြင်းမရှိဘဲ ပွဲထွက်ခဲ့သလို GFA အသင်းကလည်း ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး ဘာဘာကျူဒီမှလွဲ၍ လူစုံခဲ့သည်။

ပွဲစဉ်(၃)အပြီးတွင် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက သုံးပွဲနိုင် ကိုးမှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး ဒဂုံစတားအသင်းက ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက ခြောက်မှတ်၊ ဟံသာဝတီ၊ ရခိုင်ယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ GFA အသင်းက သုံးမှတ်၊ ရတနာပုံ၊ ဧရာဝတီ၊ မြဝတီနှင့် ကချင်ယူနိုက်တက်အသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်၌ သီတဂူဆရာတော်ကြီးအား အလှူငွေများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ်သို့ ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများအတွက် နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သီတဂူဆရာတော်ကြီး အမှူးပြုသော သံဃာတော်များအား တိုင်းမှူးနှင့် အဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မှော်ဘီတပ်ကြီးကုန်းဝေဇယန္တာ နှစ်ထပ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာပွဲ ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ





မှော်ဘီ မတ် ၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ ကျောင်းကြီးကျောင်းတိုက်အတွင်း အသစ်ထပ်မံ ဆောက်လုပ်သော ဝေဇယန္တာနှစ်ထပ်ကျောင်းဆောင်သစ်ကြီး ကျောင်းလွှတ်ပူဇာပွဲနှင့် အလှူရှင်များ၏ လှူဒါန်းမှုအစုစုတို့အား ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ကြီး၌ ကျင်းပသည်။

ဖတ်ကြားပူဇော်

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး တလိုင်းကုန်း ကျောင်းတိုက် ဆရာတော်က ကတင်ညုတ မင်္ဂလာပန်ကြားလွှာကို ဖတ်ကြားပူဇော်၍ မှော်ဘီမြို့နယ် မြို့မ(၁) ရပ်ကွက် အနောက်ကျောင်းကြီး ကျောင်းတိုက် ပဓာန နာယက မြို့နယ်ဩဝါဒါစရိယ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြ၍ ကြွရောက်တော်မူကြကုန်သော သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ အလှူရှင်များ၏ ကိုယ်စား ကျောင်းအကျိုးတော်ဆောင်များက ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များ၏ ကိုယ်စား အလှူရှင် ကျောင်းအကျိုးတော်ဆောင် ဦးညွန့်ထွေးက ကျေးဇူးတင်မင်္ဂလာစကားလျှောက်ထား၍ မြို့နယ်သံဃနာယကဥက္ကဋ္ဌ တိုင်းသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တဃောသိတ (မဟာဂန္ထဝါစကပဏ္ဍိတ) ကိုးလုံးကွင်းကျောင်းတိုက် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားတော်နာယူခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုပြီး အလှူတော်မင်္ဂလာအခမ်းအနား ပြီးစီးခဲ့ကြောင်း သိရသည်။

မြင့်ဦး

# တန့်ယန်းမြို့နယ်၌ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ကြိုဆိုပင့်ဆောင် ဂုဏ်ပြုပူဇော်

တန့်ယန်း မတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ နိုင်ငံတော်အစိုးရက ဆက်ကပ်ချီးမြှင့်သော ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ အမှတ်(၁၀)ရပ်ကွက်ရှိ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒောဘာသအား ကြိုဆိုပင့်ဆောင် ဂုဏ်ပြုပူဇော်ပွဲကို မတ် ၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြသည်။

ကြိုဆိုပင့်ဆောင်

အဆိုပါ ကြိုဆိုပင့်ဆောင်ဂုဏ်ပြုပွဲသို့ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်သူဝင်းနှင့် အရာရှိကြီးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့် တာဝန်ရှိသူများ၊ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက မြို့ဝင်မုခ်ဦးမှစတင်၍ ကြိုဆိုပင့်ဆောင်ခဲ့ကြသည်။

ထို့နောက် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်မှ ဆရာတော်ဘဒ္ဒန္တ ဒေဝိန္ဒောဘာသအား ဂုဏ်ပြုယာဉ်ပလ္လင်ထက်သို့ ပင့်ဆောင်ကာ အများပြည်သူများ ကြည်ညိုနိုင်စေရန်အတွက် ဗိုလ်ချုပ်လမ်းအတိုင်း လှည့်လည်အပူဇော်ခံပြီး ဆရာတော်သီတင်းသုံးနေထိုင်ရာ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၌ ဂုဏ်ပြုပူဇော်ခဲ့ကြကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)



# ကျိုက်မရောမြို့၌ ရွှေထီးတော်တင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ကျိုက်မရော မတ် ၆

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဦးလေးကျေးရွာတွင် တည်ထားကိုးကွယ်သည့် သမိုင်းဝင်ဆုတောင်းပြည့် လေးကျွန်းထိပ်တင် မြစိမ်းရှင်စေတီတော်ကြီးအား ရွှေထီးတော်တင်မင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို မတ် ၅ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



အဆိုပါ စေတီတော်မြတ်ကြီးအား ခုနစ်ရက်သားသမီးများ၏ ကောင်းမှုဖြင့် ရွှေထီးတော်တင်လှူပူဇော်ခြင်းကို ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ အလှူရှင်များ၊ ကျေးရွာသူ ကျေးရွာသားများက မင်္ဂလာအချိန်တွင် ရွှေထီးတော်မြတ်ကြီးအား မင်္ဂလာပန်းရထားဖြင့် တင်လှူပူဇော်ခဲ့ကြပြီး တပေါင်းလပြည့်ပွဲတော် အထိမ်းအမှတ်အဖြစ် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် ရှစ်ပါးသီလများကို နာယူပူဇော်ကြည်ညိုကြပြီး ရပ်နီးရပ်ဝေးမှ ထီးတော်တင်အလှူမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူကြသော ဧည့်ပရိသတ်အပေါင်းတို့အား စတုဒိသာမဏ္ဍပ်အတွင်း၌ မုန့်များ၊ အချိုရည်များ၊ ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဇလွန်မြို့၌ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဇလွန် မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နာယက ဇင်ယော်ကျွန်းကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသထံမှ ငါးပါးသီလခံယူခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နဝကမ္မဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စုပေါင်းလောင်းလှူ

ယင်းနောက် ၁၃၈၄ ခုနှစ် တပေါင်းလ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ ဌာနဆိုင်ရာအသင်းအဖွဲ့များ၊ အလှူရှင်များ၏ စုပေါင်းဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲလောင်းလှူပွဲကို မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးဝင်းအတွင်း၌ ကျင်းပရာ ဇလွန်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၄၁ ကျောင်းမှ သံဃာတော် ၆၈၄ ပါး၊ သီလရှင် ၂၁ ပါး စုစုပေါင်း ၇၀၅ ပါးအား ဆန် ၁၁၈ အိတ်၊ ဆီ ၃၅၂ ပိဿာ ၅၀ သား၊ ပဲ ၄၅ တင်း၊ ကြက်သွန်နီ ၇၁၇ ပိဿာ၊ လက်ဖက်ခြောက် ၇၀ ဒသမ ၅ ပိဿာ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၈၄၃၅၈၅၀၊ စာရေးတံမဲအလှူငွေကျပ် ၅၃၀၂၀၀၀၊ နဝကမ္မ လှူဒါန်း ငွေကျပ် ၆၄၀၀၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၃၀၁၈၇၈၅၀ တို့ကို စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သဘာဝအလှနှင့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်ရာ အာဆီယံအမွေအနှစ် အင်းလေးကန်ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း

မောင်မော်(သတ္တဗေဒ)

**(ယမန်နေ့မှအဆက်)**

ယခင်က အင်းလေးကန်အတွင်းမှ ထွက်ရှိသော အလှမွေးငါးများဖြစ်သည့် ငါးသူငယ်ကြယ်ပြောက်၊ ငါးညောင်ရွှေ စသည့်ငါးမျိုးစိတ်များမှာ ယခုအခါ အင်းလေးကန်တွင် ဖမ်းဆီးရရှိခြင်းမရှိတော့ဘဲ ဖယ်ခုံအင်းနှင့် ဘီလူးချောင်းတစ်လျှောက်တွင်သာ တွေ့ရှိရတော့သည်။

ငါးလုပ်ငန်းဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစတင်၍ အင်းလေးကန်နှင့် ရေဝေရေလဲဒေသနှင့် ကိုက်ညီ၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေသော ရှင်သန်နှုန်းမြင့်မားစေသည့် နှစ်လက်မအရွယ် ငါးမျိုးများကို ငါးမျိုးစိုက်ထည့်ပေးခြင်း၊ အင်းလေးကန်အတွင်းရှိ ရေအမြဲရရှိသည့် ဘီလူးချောင်းနံဘေးရွာများဖြစ်သည့် နောင်တောလယ်ခြေ၊ မန်ကျည်းဆိပ်၊ ဆီဆုံ၊ ပေါက်ပါး (အမှတ်-၂ ရပ်ကွက်)၊ ကြာတောစသည့်ရွာများသို့ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အပံ့များပေးအပ်ခြင်း၊ MYSAP စီမံကိန်းနှင့်ပူးပေါင်း၍ အင်းလေးဒေသ ငါးမွေးတောင်သူများအား ငါးသားပေါက်နှင့် ငါးမွေးမြူရေးနည်းပညာများ ထောက်ပံ့ပေးခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၏ ညောင်ရွှေ ငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုး သားဖောက်နည်းပညာပေးသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ရေနေသက်ရှိ သယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ပညာပေးပိုစတာများ စိုက်ထူခြင်းများကိုဆောင်ရွက်ခဲ့သည်။ ၎င်းအပြင် ညောင်ရွှေမြို့နယ် ငါးလုပ်ငန်းစခန်းတွင် ရေသတ္တဝါဆိုင်ရာ ပညာပေးပြခန်းအား ၂၇ - ၁၁ -၂၀၁၉ ရက်နေ့တွင် MYSAP စီမံကိန်း အကူအညီဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ဒေသခံပြည်သူများ အင်းလေးကန် ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် ငါးလုပ်ငန်းများ စဉ်ဆက်မပြတ်ထိန်းသိမ်းသွားနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အင်းလေးကန်ဒေသတစ်ဝိုက်သည် ပြည်တွင်းပြည်ပမှ ပညာရှင်များအတွက် လေ့လာရန်နေရာဖြစ်ခြင်း၊ တက္ကသိုလ်အသီးသီးမှ မဟာသိပ္ပံနှင့် ပါရဂူဘွဲ့ ကျမ်းပြုစာတမ်းများအတွက် အထောက်အပံ့ဖြစ်စေခြင်းနှင့် စိတ်ပါဝင်စားသည့် အဖွဲ့အစည်းများအတွက် သုတေသနပြုလေ့လာရာဒေသဖြစ်ခြင်း၊ အင်းလေးကန်နှင့် အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် တွေ့ရှိရသည့်ငါးမျိုးစိတ်များမှ လူသားများ စားသုံးရန်အပြင် အလှမွေးငါးအဖြစ် ပြည်ပဝင်ငွေရရှိရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးလျက်ရှိသည်။

**အင်းလေးကန်ဒေသရှိ ငါးနှင့် အခြားသောဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရေးလုပ်ငန်းများ**

အင်းလေးကန်ရှိ Biodiversity ခေါ် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုမဖြစ်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်လျက်ရှိသည်။ သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၏ ၂၀၂၁ ခုနှစ်အတွင်း ကင်မရာထောင်ချောက် အသုံးပြု၍ နို့တိုက်သတ္တဝါမျိုးစိတ် ကွင်းဆင်းလေ့လာခြင်း မှတ်တမ်းများအရ ၂၆ မျိုး ကျက်စားမှုရှိပြီး ဝံကြောင်၊ သစ်ကြောင်၊ ဆတ်ခလောက်၊ တောကြောင်မျိုးများ၊ တောခွေး၊ တောယုန်၊ ချေ၊ ကြောင်ဝံပိုက်၊ ကြောင်ကတိုး၊ ရှဉ့်မျိုးစိတ်များနှင့် သစ်တောငှက် ၂၆၅ မျိုး၊ ရေပျော်ငှက် ၉၅ မျိုး၊ ကုန်းနေရေနေ ၂၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၉၄ မျိုး၊ ခရုမျိုးစိတ် ၁၂ မျိုး၊ ငါးမျိုးစိတ် ၆၀ နှင့် လိပ်မျိုးစိတ် သုံးမျိုးတို့ကို တွေ့ရှိရကြောင်း သိရသည်။

| No | Myanmar Name | Family | Common Name | Scienctific Name | Status | IUCN, Red List, 2018 |
|---|---|---|---|---|---|---|
| 1 | ငါးပုတ်ဆာမ | Cyprinidae | Emerald Dwarf Rasbora | *Celestichthys erythromicron* | ဒေသရင်း | EN |
| 2 | ငါးဖိန်း | Cyprinidae | Inlay Carp | *Cyprinus intha* | ဒေသရင်း | EN |
| 3 | ငါးလူး | Cyprinidae | – | *Gymnostomus horai* | ဒေသရင်း | EN |
| 4 | ငါးရေပေါ် | Cyprinidae | – | *Inlecypris auropurpurea* | ဒေသရင်း | EN |
| 5 | ငါးနီစိမ် | Cyprinidae | Red Dwarf Rasbora | *Microrasbora rubescens* | ဒေသရင်း | EN |
| 6 | ငါးဂျောင် | Cyprinidae | | *Neolissochilus nigrovittatus* | ဒေသရင်း | DD |
| 7 | မြီးနီခေါင်းနီ | Cyprinidae | Sawbwa Barb | *Sawbwa resplendens* | ဒေသရင်း | EN |
| 8 | ငါးပြောက် | Nemacheilidae | Inle Loach | *Petruichthys brevis* | ဒေသရင်း | Not yet been assessed |
| 9 | ငါးအုံမက် | Channidae | Snake–headed Fish | *Channa harcourtbutleri* | ဒေသရင်း | NT |
| 10 | ငါးမြွေထိုး | Mastacembelidae | Inle Spiny Eel | *Macrognathus caudiocellatus* | ဒေသရင်း | Not yet been assessed |
| 11 | ငါးမြွေမီး | Mastacembelidae | Spiny eel | *Mastacembelus oatesii* | ဒေသရင်း | EN |
| 12 | ငါးသလဲထိုး | Nemacheilidae | Loach | *Physoschistura shanensis* | ဒေသရင်း | NT |
| 13 | ငါးရစ် | Cyprinidae | Shan Barb | *Poropuntius schanicus* | ဒေသရင်း | Not yet been assessed |

**အင်းလေးကန်အတွင်းရှိ ဒေသရင်းငါးမျိုးစိတ် (Endemic Species)**

ထို့အပြင် အင်းလေးကန်တွင် ကျက်စားနေကြသော စင်ရော်၊ စစ္စလီနှင့် Baer's Pochard မျိုးစိတ်တို့၏ဦးရေသည် တစ်ကမ္ဘာလုံး ရှင်သန်နေသည့်ဦးရေ၏ တစ်ရာခိုင်နှုန်းအထိ ရှိသောကြောင့်လည်းကောင်း၊ အခြားမျိုးသုဉ်းရန်အလားအလာနှင့် ရင်ဆိုင်နေရသော ငှက်မျိုးစိတ်ခြောက်မျိုး ကျက်စားနေထိုင်ခြင်းကြောင့်လည်းကောင်း အမျိုးသားအဆင့် အရေးကြီးသော ငှက်ထိန်းသိမ်းရေးဧရိယာ (National Important Bird Area)၊ ရေပျော်ငှက်ထိန်းသိမ်းရေးကွန်ရက် (Anatidae Network) တို့၏သတ်မှတ်စံညွှန်းဝင် သဘာဝထိန်းသိန်းရေးနယ်မြေဖြစ်သည်။ အင်းလေးဒေသတွင် သစ်ပင်ကြီးမျိုး ၁၀၈ မျိုး၊ ဝါးမျိုး ၁၁ မျိုး၊ ဆေးဖက်ဝင်အပင် ၅၂၇ မျိုး၊ ရေနေအပင် ၆၁ မျိုး၊ သစ်ခွမျိုးစိတ် ၁၈၄ မျိုးအား မှတ်တမ်းတင်ထားရှိသည်။

**အင်းလေးဒေသရှိ ငှက်များ၏အလေ့အထ**

ငှက်များ၏ သဘာဝအား လေ့လာရာတွင် စင်ရော်ငှက်များသည် ခန့်မှန်း မွန်ဂိုလီးယားဘက်မှ အောက်တိုဘာလတွင် ဆောင်းခိုရန်အတွက် အင်းလေးဒေသသို့ စတင်ဝင်ရောက်လာပြီး မတ်လမိုးဦးကျချိန်တွင် ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။ အင်းထဲသို့ ဝင်ရောက်နေထိုင်ချိန်တွင် ခရီးသွားစက်လှေများ၏ ဘေးတွင်လိုက်ပါ၍ အစာတောင်းစားလေ့ရှိကြသည်။ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ရောဂါဖြစ်ပွားသည့်ကာလက ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနည်းပါးနေချိန်တွင် စင်ရော်ငှက်များအား တွေ့ရှိရမှုနည်းပါးလာကြောင်း သိရသည်။ အစားကျွေးမှုနည်းပါးသဖြင့် သဘာဝမှ အစာများ ရှာဖွေစားသောက်ကြကြောင်း သိရသည်။

အင်းလေးကန်အတွင်း ယခင်က ကြိုးကြာငှက်များကို ခန့်မှန်း ၁၉၉၇/၁၉၉၈ ခုနှစ်လောက်တွင် ညောင်ရွှေ၊ ရွှေညောင်ကားလမ်းဘေး နဒီကန်၊ သာစည်ကန်တစ်ဝိုက်တွင် ၁၂ ကောင်အုပ်စုကို တွေ့ရှိရသော်လည်း နောက်ပိုင်း ၎င်းတို့စားကျက်နေရာရှားပါးပြီး လူနေအိမ်ခြေထူထပ်လာသောကြောင့် ယခုအခါ ရံဖန်ရံခါမှသာ နှစ်ကောင်ခန့်လောက်သာ တွေ့ရှိရတော့သည်။

ယခင်က ခရုစုပ်ငှက်များတွေ့ရပြီး လယ်ကွင်းများရေလွှမ်းချိန်တွင် ခရုများမတွေ့ရ၍ ငှက်များလာရောက်မှုနည်းပါးပြီး ၂၀၁၀ ပြည့်နှစ် ရေနည်းပါး၍ ခရုများပေါ်ပေါက်လာချိန်တွင် ခရုစုပ်ငှက်များမှာ အစာရှိရာသို့ ရှာဖွေစားသောက်ရန် ပြန်လည်ရောက်လာကြောင်း သိရသည်။ အင်းလေးကန်တွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနက ငှက်ကြည့်စင်တစ်ခုအား အင်းလေးကန်တွင်တည်ဆောက်ထားခဲ့သည်။

အင်းလေးကန်တစ်ဝိုက်တွင် ယခင်က ဖျံများ၊ လိပ်များ၊ နို့တိုက်သတ္တဝါများအား စုံလင်စွာ တွေ့ရှိရသော်လည်း ယခုအချိန်တွင် လျော့နည်းလာရခြင်းမှာ လူနေအဆောက်အအုံများ ထူထပ်လာခြင်း၊ အမဲလိုက်၍ တရားမဝင်ဖမ်းဆီးခြင်းကြောင့် ကောင်ရေ လျော့နည်းပျောက်ကွယ်လာရကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် အင်းလေးကန် အပါအဝင် ဆက်စပ်ရေတိမ်ဒေသကို ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသတ်မှတ်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည်။ အင်းလေးကန်အတွင်း တွေ့ကြုံနေရသော သဘာဝဝန်းကျင်ဆိုင်ရာ ပြဿနာများအား အကျဉ်းချုပ်တင်ပြရပါလျှင် -

(က) နုန်းပို့မှုဖြစ်စဉ်
(ခ) ရေအရည်အသွေးဆိုင်ရာ ယိုယွင်းပျက်စီးမှု
(ဂ) နေရင်းဒေသများ ယိုယွင်းပျက်စီးမှု
(ဃ) ဒေသရင်းမဟုတ်သော ငါးမျိုးများ ပျံ့နှံ့ရောက်ရှိမှု
(င) အသံဆူညံမှုတို့ဖြစ်ကြသည်။

၎င်းသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိကြသည်။ နုန်းပို့ချမှုကြောင့် ရေအရည်အသွေးထိခိုက်ခြင်း၊ နေရင်းဒေသများ ယိုယွင်းပျက်စီးလာခြင်းနှင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများကြောင့် နေရင်းဒေသများ ပျက်စီးယိုယွင်းလာခြင်း၊ ထို့အတူ နေရင်းဒေသများ ပျက်စီးလာမှုကြောင့် ရေအရည်အသွေးဆိုင်ရာ ယိုယွင်းမှုများဖြစ်ပေါ်လာတတ်ပေသည်။

**စာမျက်နှာ ၁၉ သို့ ❖**

❖ စာမျက်နှာ ၁၈ မှ

ဂေဟာစနစ်တိုင်း၌ ယိုယွင်းပျက်စီးလာမှုများအား သဘာဝအလျောက် ထိန်းညှိပေးနိုင်စွမ်းရှိကြသော်လည်း အဆိုပါစွမ်းအားထက် ပိုမိုလာပါက ဂေဟာစနစ်သည် တစ်စထက်တစ်စ ပိုမိုယိုယွင်းပျက်သုဉ်းသွားနိုင်သည်။

**အင်းလေးကန်နှင့် အင်းလေးကန် ရေဝေရေလဲဒေသ ပျက်စီးလာရသောအကြောင်းရင်း**

(က) သဘာဝအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း။
( ခ ) မှန်ကန်မှုမရှိသည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးလုပ်ကိုင်သည့် အလေ့အကျင့်တည်ရှိနေခြင်း။
( ဂ ) ရာသီဥတုသဘာဝ ပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်လာခြင်း။
(ဃ) ရေဝေရေလဲဧရိယာအတွင်းရှိ တောင်စောင်းနှင့် တောင်ကုန်းများတွင် သစ်တောပြုန်းတီးမှုကြောင့် မြေဆီလွှာအကာအကွယ်မဲ့ပြီး ရေ၊ လေတိုက်စား၍ သဲနုန်းများပို့ချခြင်း။
( င ) အင်းလေးကန်နှင့် ရေဝေရေလဲဒေသအတွင်း လူဦးရေတိုးပွားလာသည်နှင့် အမျှ ထင်းလောင်စာ လိုအပ်ချက်မြင့်မားလာပြီး သစ်တောသစ်ပင်ခုတ်ထွင်သုံးစွဲမှုများပြားလာခြင်း။
( စ ) လူဦးရေတိုးပွားလာခြင်းကြောင့် လူနေအိမ်များ၊ စိုက်ပျိုးမြေများသည် ကန်ဧရိယာနယ်နိမိတ်အတွင်းသို့ တစ်စတစ်စ ကျူးကျော်ဝင်ရောက်လာသဖြင့် ကန်ရေပြင်ဧရိယာ လျော့နည်းလာခြင်း။
(ဆ) ကန်အတွင်းသို့ အမှိုက်သရိုက်နှင့် ညစ်ညမ်းစေသော ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ကြခြင်း။
( ဇ ) ကန်ရေအောက်ကြမ်းပြင်၏ ရေညှိ၊ ရေမှော်များနှင့် ရေပြင်ပေါ်တွင် ဗေဒါ၊ ရေမှော်နှင့် အမှိုက်သရိုက်များ တစ်နေ့တခြား တိုးပွားလာသဖြင့် အနည်ထိုင်ရာမှ ကန်ရေတိမ်ကောမှုဖြစ်လာခြင်း။
( ဈ ) နွေစပါးစိုက်ပျိုးရန်အတွက် အင်းလေးကန်အတွင်းသို့ စီးဝင်သည့်ချောင်းများမှ ရေထုတ်ယူသုံးစွဲခြင်း။
(ည) ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ဈေးဆိုင်များ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများနှင့် အညစ်အကြေးများ စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ စနစ်တကျ သန့်စင်သည့်စနစ်များမရှိခြင်း။



**အင်းလေးကန် တိမ်ကောပျက်စီးလာခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုးကျိုးများ**

(က) မြေဆီလွှာတိုက်စားပြုန်းတီးသဖြင့် စိုက်ပျိုးနိုင်သည့်ဧရိယာများ လျော့နည်းလာခြင်း၊ သီးနှံထွက်နှုန်း ကျဆင်းလာခြင်း။
( ခ ) ရေခြံစိုက်ပျိုးသည့် ကျွန်းမျောများမှ ရေနည်းလာမှုကြောင့် စိုက်ပျိုး၍မရနိုင်သည့် ကျွန်းသေများအဖြစ် ပြောင်းလဲသွားနိုင်ခြင်း။
( ဂ ) ဒေသခံပြည်သူများအဓိကအသုံးပြုသော ရေလမ်းကြောင်းများ ကျဉ်းမြောင်းတိမ်ကောလာသဖြင့် လှေ၊မော်တော်များသွားလာရန်ခက်ခဲပြီး ဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုကို ထိခိုက်စေခြင်း။
(ဃ) ရှင်သန်ပေါက်ဖွားနေသည့် ငါးမျိုးရင်း၊ ငါးမျိုးစိတ်များလျော့နည်းလာခြင်းဖြင့် အင်းသားများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သော ငါးဖမ်းလုပ်ငန်းကို ထိခိုက်စေနိုင်ခြင်း။
( င ) ကျွဲ၊ နွားများ၏ စားကျက်မြေဧရိယာ လျော့နည်းစေနိုင်ခြင်း။
( စ ) သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ထိခိုက်စေနိုင်ခြင်း။
(ဆ) နွေရာသီတွင် စိမ့်စမ်းများခန်းခြောက်ပြီး ရေရှားပါးလာနိုင်ခြင်း။
( ဇ ) မိုးသည်းထန်စွာ ရွာသွန်းလျှင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ခြင်း။
( ဈ ) မြေအောက်ရေလွှာ နိမ့်ကျလာနိုင်ခြင်း။
(ည) ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြင်း။
( ဋ ) ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုများဆုံးရှုံးကာ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်ရှင်ရပ်တည်မှုကို ထိခိုက်လာစေနိုင်ခြင်းတို့ဖြစ်သည်။

**နိုင်ငံတကာမှအသိအမှတ်ပြု အလေးပေးထိန်းသိမ်းရမည့်ကန်ဖြစ်**

အင်းလေးကန်အား ၂၀၀၅ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လူသားနှင့် ဇီဝအဝန်းနယ်မြေ (UNESCO–Man and Biosphere Reserve) အဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ၁၉ ခုမြောက် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) အဖြစ်လည်းကောင်း နိုင်ငံတကာမှ အသိအမှတ်ပြု အလေးပေးထိန်းသိမ်းရမည့်ကန်အဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့ဖြစ်ရာ အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာမှ စံသတ်မှတ်ချက်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်သွားရန် လိုအပ်သည်။ နိုင်ငံတကာမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းစဉ် International Convention များတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ထိုးထားပြီးဖြစ်ရာ အဆိုပါ လုပ်ငန်းစဉ်များအား သိရှိထားရန်လိုအပ်လျက် လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်သွားရမည်ဖြစ်သည်။

အင်းလေးကန်ရှိ ဒေသခံများသည် ကန်ပေါ်/အနီးတွင် နေထိုင်ကြ၍ စားဝတ်နေရေးအတွက် အင်းလေးကန်အား အပြည့်အဝမှီခိုအားထားလျက်ရှိသည်။ အင်းလေးကန်၏သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းခြင်းသည် ကန်ပေါ်မှီခို အသက်မွေးဝမ်းကျောင်းပြုသော လူသားမျိုးနွယ် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

ကျွန်းမျောများအပေါ်တွင် စိုက်ပျိုးကြ၍ ဒေသနှင့်ကိုက်ညီသော၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသော၊ လူနှင့် ရေနေသတ္တဝါများအား ထိခိုက်မှုမရှိသော စိုက်ပျိုးရေးလုပ်ငန်းသုံးမျိုးများ အဓိကလိုအပ်ကြောင်း တွေ့ရသည်။

အင်းလေးကန်၏သက်တမ်းသည် နှစ်သန်းပေါင်းများစွာရှိပြီး များစွာသော မျိုးစိတ်များပေါက်ဖွားကြီးထွားခဲ့ပြီးသော ကမ္ဘာပေါ်တွင် မည်သည့်နေရာမှ မတွေ့ရှိနိုင်သောနေရာဖြစ်သည်။ ထူးခြားသော ဇီဝမျိုးနွယ်စု၊ မျိုးကွဲများသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ဂေဟာစနစ်နှင့် ပတ်ဝန်းကျင်ကို ဖန်တီးခဲ့သည်။ UNESCO မှ ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ထားသော အင်းလေးကန် ရေရှည်တည်တံ့စေရေးအတွက် ယခင်စော်ဘွားကြီးများ လက်ထက်မှစ၍ အစိုးရအဆက်ဆက်တို့တွင် နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း တွေ့ရသည်။ အင်းလေးဒေသခံများ၊ ခရီးသွားဧည့်သည်များ၊ ဟိုတယ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းရှင်များသည်လည်း အရေးပါလှသော အင်းလေးကန်ကြီး မတိမ်ကောစေရေးအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ကာ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်စေလိုကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

**ကိုးကား**

**(၁) သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးအစီရင်ခံစာ**
**(၂) သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၂၁) အစီရင်ခံစာ**
**(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ညောင်ရွှေမြို့၏ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေး လုပ်ငန်းအစီရင်ခံစာ**
**(၄) တောင်ကြီးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ အင်းလေးကန်တွင်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များ**
**(၅) ဦးကျော်ကျော်ဦး(အောင်ကျော်ဦးစံ–အင်းလေးချစ်သူ)၏ကိုယ်ပိုင်မှတ်စုစာတမ်းများ**
**(၆) မိုင်ယောင်ရွှေ (ခေါ်) ညောင်ရွှေရာဇဝင်တော်ကြီး (အမတ်ထောက်ဦးငြိမ်း)**
**(၇) ကမ္ဘောဇ ဦးဝ ရေး ညောင်ရွှေမြို့ သမိုင်းမှတ်တမ်း**



အင်းလေးကန် ရမ်ဆာရေဝပ်ဒေသ(၅၇၉၇.၅၅ ဟက်တာ)



အင်းလေးကန် ဇီဝအဝန်းနယ်မြေဧရိယာပြမြေပုံ

**အင်းလေးကန်ဒေသတစ်ဝိုက်သည် ပြည်တွင်းပြည်ပမှ ပညာရှင်များအတွက် လေ့လာရန်နေရာဖြစ်ခြင်း၊ တက္ကသိုလ်အသီးသီးမှ မဟာသိပ္ပံနှင့်ပါရဂူဘွဲ့ကျမ်းပြုစာတမ်းများအတွက် အထောက်အပံ့ဖြစ်စေခြင်းနှင့် စိတ်ပါဝင်စားသည့်အဖွဲ့အစည်းများအတွက် သုတေသနပြုလေ့လာရာဒေသဖြစ်ခြင်း၊ အင်းလေးကန်နှင့်အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် တွေ့ရှိရသည့်ငါးမျိုးစိတ်များမှ လူသားများစားသုံးရန်အပြင် အလှမွေးငါးအဖြစ် ပြည်ပပင်ငွေရရှိရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးလျက်ရှိ**

## မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် ကုန်သွယ်မှုအခြေအနေ

မူဆယ် မတ် ၆

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ယမန်နေ့တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၄၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၈ သန်း၊ ကုန်သွယ်မှု ပမာဏအမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၁ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း ၉၀၆ ဒသမ ၇၅၂ တန်၊ ကြက်သွန်နီ ၅၃၈ ဒသမ ၅ တန်၊ သခွားမွှေး ၆၂၂ တန်၊ ပဲကြီး ၁၀၃ ဒသမ ၅ တန်၊ စွန်တာနီ ၁၃၇ ဒသမ ၅ တန်၊ ငါးရှဉ့် ၂၆ ဒသမ ၉၆ တန်၊ မြေထောက်ပဲ တန် ၇၀၊ ဝါဂွမ်း ၅၁ ဒသမ ၁ တန်၊ ဖရဲသီး ၈၁၉ ဒသမ ၂ တန်နှင့် အလူမီနီယံသတ္တု ၃၄ ဒသမ ၄၁ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆိုလာပြား၊ လိမ္မော်သီး၊ နှစ်ဘီးတပ်လယ်ထွန်စက် (အင်ဂျင်မပါ)၊ အဝတ်လျှော်စက်၊ ပလတ်စတစ်အလိပ်၊ ပိတ်လိပ်၊ အသီးထည့်သည့် စက္ကူအိတ်၊ ကြွေပြား၊ ကြမ်းခင်းကော်ဇောလိပ်နှင့် တံခါးပတ္တာတို့ဖြစ်သည်။

မတ် ၁ ရက်မှ ၅ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၄၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၆၅ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၁၀ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၅ ဒသမ ၁၄၄ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



## ယခုအပတ်အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်နှင့် စက်မှုကုန်ချောပစ္စည်းများ ပိုမိုတင်ပို့

စစ်တွေ မတ် ၆

အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နယ်စပ်ဒေသမှတစ်ဆင့် ကုန်သွယ်မှုပြုရာတွင် ရခိုင်ပြည်နယ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တစ်ဖက်နိုင်ငံ တက္ကနဖ်မြို့သို့ ကုန်စည်များတင်ပို့၊ တင်သွင်းလျက်ရှိသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို တင်ပို့လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။

မတ်လ ပထမသီတင်းပတ်အတွင်း မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်ဖြစ်သည့် ငါးမြစ်ချင်း ၄၅ တန်ခန့်၊ စက်မှုကုန်ချောပစ္စည်းများဖြစ်သည့် တံမြက်စည်းကြမ်း ငါးတန်နှင့် ဆီးယိုထုပ် ၅၁ တန်တင်ပို့ခဲ့ရာ ယခင်သီတင်းပတ်ထက် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုသီတင်းပတ်အတွင်း လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ ချင်းအစို၊ အုန်းသီးနှင့် စစ်တုံဥတို့ တင်ပို့နိုင်ခဲ့ပြီး ယခုသီတင်းပတ် ငွေလဲနှုန်းမှာ တစ်တာကာလျှင် ၂၄ ဒသမ ၆၀ ကျပ်ဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား / ကူးသန်း**

## ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ပဲတီစိမ်းစိုက်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်း

ရွှေတောင် မတ် ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ ဆောင်းပဲတီစိမ်း ၁၉၈၄၃ ဧက၊ ရွှေတောင်မြို့နယ်၌ ဆောင်းပဲတီစိမ်း ၈၃၂ ဧကနှင့် မီးလောင်အုပ်စု၌ ၃၈ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ် မီးလောင်အုပ်စု ဝါးလည်ကျေးရွာရှိ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးသည် ပဲတီစိမ်းဒေသမျိုး ငါးဧက စိုက်ပျိုးထားပြီး ယခင်နှစ်ကလည်း အလားတူစိုက်ပျိုးထားကြောင်း၊ ပဲတီစိမ်း တစ်ဧက စိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၂၂၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ် ပဲတီစိမ်းပေါက်ဈေးမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် ရောင်းချရပြီး ယခင်နှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြစ်ခဲ့၍ တစ်သောင်းကျပ်ခန့် ဈေးပိုရရှိသဖြင့် တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## တမူးမြို့နယ်စပ်၌ ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့် ကုန်ဈေးနှုန်းအခြေအနေ

တမူး မတ် ၆

တမူးကုန်သွယ်ရေးစခန်း၏ မတ် ၁ ရက်မှ ၅ ရက်အထိ ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်အနေဖြင့် စီးကရက် ၆၁ ဒသမ ၃၁၂ တန် တင်ပို့ခဲ့သည်။ သွင်းကုန်အနေဖြင့် ဓာတ်မြေသြဇာတန်ချိန် ၃၀၀ တင်သွင်းခဲ့သည်။

မတ် ၆ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၂၈၂၆ ကျပ်၊ တစ်ဒေါ်လာ ၈၈ ဒသမ ၃၀ ရူပီး၊ တစ်ရူပီး ၃၂ ကျပ်၊ ငွေကျပ် ၁၀၀ ၃ ဒသမ ၁၃ ရူပီး ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

တမူးမြို့၏ အခြေခံစားသုံးကုန်ဈေးနှုန်းများမှာ ဧည့်မထဆန် တစ်အိတ် ငွေကျပ် ၄၉၀၀၀၊ ပေါ်ဆန်းမွှေးတစ်အိတ် ငွေကျပ် ၁၀၉၀၀၊ မြေပဲဆီတစ်ပိဿာ ငွေကျပ် ၁၂၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၉၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၅၀၊ ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၄၅၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၅၀၀၊ ငရုတ်သီးတစ်ပိဿာ ငွေကျပ် ၁၇၀၀၀ ဖြစ်ကြောင်း သိရသည်။

### ၆-၃-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | ရွှေ (တစ်ကျပ်သား) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၄၇၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၈၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၀၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၃၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၆၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၇၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၈၀၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၃၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၂၀၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၄၅၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၃၂၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၆၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၃၇၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၂၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၈၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၃၅၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၀၀ | | ၁၄၀၀၀ | ၇၄၀၀ | ၁၂၅၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၂၇၈၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၃၀၀ | ၁၁၅၀၀ | ၈၅၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၇၅၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၆၀၀၀၀ |
| ၁၃ | ဟားခါး | ၃၃၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၀၅၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၁၅၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၃၅၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၆၉၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၅၀၀ | | ၁၁၅၀၀ | ၇၃၀၀ | ၁၇၀၀၀ | ၁၂၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၅၃၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၄၃၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၇၀၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၃၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၁၃၀၀ | ၅၄၀၀ | ၄၄၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၅၆၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၉၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၈၇၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံ နှင့် ဘားအံတွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၃၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် လားရှိုးတွင် ၂၀၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် မြစ်ကြီးနား နှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ပခုက္ကူတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မကွေးတွင် ၂၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် လွိုင်ကော်တွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၂၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၄၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ကျိုင်းတုံ၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ကျိုင်းတုံ၊ တောင်ကြီး နှင့် ပဲခူးတွင် ၁၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ၁၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာ၊ မကွေး၊ ပြည် နှင့် ပဲခူးတွင် ၅၀၀ကျပ်၊ မန္တလေးတွင် ၃၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀၀ကျပ်၊ စစ်တွေတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀ကျပ်၊ ရန်ကုန်နှင့် စစ်တွေတွင် ၂၀၀ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၁၀၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ ပခုက္ကူတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ တောင်ကြီးနှင့် စစ်တွေတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၃၀၀ကျပ် ဈေးကျခဲ့ပါသည်။

## လှိုင်ကော်မြို့ မြို့လုံးကျွတ်ဆွမ်းဆန်တော် လောင်းလှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



လှိုင်ကော် မတ် ၆

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ မြို့လုံးကျွတ်ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် လှိုင်ကော်မြို့ မြို့နာမ်ရွှေ စေတီတော်မြတ်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

မြို့လုံးကျွတ် ဆွမ်းဆန်တော်များ လောင်းလှူပူဇော်ပွဲသို့ လှိုင်ကော်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၁ ကျောင်း မှ သံဃာတော် ၄၀၃ ပါး၊ သာမဏေ ၅၅ ပါး၊ သီလရှင်ကျောင်း သုံးကျောင်းမှ သီလရှင် ၁၂၆ ပါး စုစုပေါင်း သံဃာတော်၊ သီလရှင် ၁၀၈၄ ပါးတို့က မြို့နာမ်ရွှေ စေတီတော်မြတ်ကြီး၏ လက်ယာရစ်အတိုင်း လှည့်လည် အပူဇော်ခံ ကြွရောက်တော်မူကြသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ဦးဆောင်သည့် ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လှိုင်ကော်တပ်နယ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင် တိုင်းရင်းသားပြည်သူ အလှူရှင်များက သဒ္ဓါကြည်ဖြူစွာဖြင့် ဆွမ်းဆန်တော်များ၊ ဝတ္ထုငွေများ၊ ဆေးနှင့် လှူဖွယ်ပစ္စည်းများ စုပေါင်းဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကာ ပြည်နယ်အစိုးရအဖွဲ့က စေတနာရှင် အလှူရှင်ပြည်သူများအား စတုဒိသာများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ညောင်တုန်းမြို့နယ်၌ (၁၅၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ



ညောင်တုန်း မတ် ၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၅၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက သမိုင်းဝင် မိုးဟုတ်စေတီတော် မြတ်ကြီးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင်များက သံဃာတော် အပါး ၁၇၀ နှင့် သီလရှင် အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပန်းတနော်မြို့ အောင်တော်မူဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

ပန်းတနော် မတ် ၆

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေမြင်တင်ကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင် ဘုရားဝင်းအတွင်း အသစ် တည်ထားကိုးကွယ်တော်မူသော အောင်တော်မူ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲ ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနားကို မတ် ၆ ရက် နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဗဟိုဝန်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ အရှင်သူမြတ်၊ ပန်းတနော်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇဝန္တ အရှင်သူမြတ်နှင့် ပန်းတနော်မြို့နယ် သံဃနာယကအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ အရှင်သူမြတ်တို့က ထီးတော်၏ ပထမဘုံ၊ ဒုတိယဘုံနှင့် တတိယဘုံတော်များအား ပင့်ဆောင်တင်လှူပူဇော်၍ ဘဒ္ဒန္တဓမ္မာနန္ဒ အရှင်သူမြတ်က သဗ္ဗမင်္ဂလာ အောင်ဂါထာ ရွတ်ဖတ်ပူဇော်ချီးမြှင့်တော်မူသည်။

ထို့နောက် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်ဇနီး၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရွှေမြင်တင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံထိန်းသိမ်းရေး ဥပဋ္ဌာက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မတည်အလှူ့ဒါယကာ ဦးသောင်းငြိမ်း၊ အလှူ့ဒါယိကာမ ဆရာလေး ဒေါ်သီရိစန္ဒာ (ပန်းတနော်မြို့ ထွန်းပရိဘောဂလုပ်ငန်း)မိသားစု၊ အရံစေတီရှစ်ဆူ၏ ထီးတော် အလှူရှင်မိသားစုများ၊ ရပ်နီးရပ်ဝေးအလှူရှင် မိသားစုများက ထီးတော်၏ စတုတ္ထဘုံ၊ ပဉ္စမဘုံ၊ ဆဋ္ဌမဘုံ၊ သတ္တမဘုံ၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်၊ အရံစေတီထီးတော်များနှင့် အခြံအရံပစ္စည်းဝတ္ထုများကို ပင့်ဆောင်ဆက်ကပ်တင်လှူပူဇော်ကြသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်များက အနေကဇာတင် ပူဇော်၍ ရေစက်ချ အနုမောဒနာ တရားဟောကြားရာ အလှူရှင် မိသားစုနှင့် အမျိုးလေးပါး ပရိသတ်တို့က တရားနာကြားပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

၂၀၇

## ဘီးလင်းမြို့ ရှေးဟောင်းစကြာသီဟမဟာမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၏ (၁၅၁)နှစ်ပြည့် ဗုဒ္ဓပူဇနိယနှင့် ဂန္ဓကုဋိတိုက်ပြာသာဒ်ဘုံဆင့် ရွှေထီးတော်တင်မင်္ဂလာကျင်းပ

ဘီးလင်း မတ် ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်တွင် တည်ထားကိုးကွယ်သော ရှေးဟောင်းစကြာသီဟမဟာမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၏ (၁၅၁) နှစ်ပြည့် ဗုဒ္ဓပူဇနိယနှင့် ဂန္ဓကုဋိတိုက် ပြာသာဒ်ဘုံဆင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ၊ အလှူရှင်များ တက်ရောက်သည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြပြီး အလှူရှင်ဒေါ်ဆန်းဒေးဖောမိသားစု၊ ဂေါပကဥက္ကဋ္ဌ ဦးလှကြည်နှင့်အဖွဲ့များက ဂန္ဓကုဋိတိုက်ပြာသာဒ်ဘုံဆင့်၊ ရွှေထီးတော် တင်လှူပူဇော်မည့်ရွှေထီးတော်နှင့် ငှက်မြတ်နားတော်တို့အား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆွမ်းဆန်စိမ်းများ လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် ထီးတော်ဘုံအဆင့်ဆင့်ကို ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် ရပ်နီးရပ်ဝေးမှ ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမများစုပေါင်း၍ စေတီတော်



အထက်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြပြီး မင်္ဂလာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းကာ ထီးတင်ပွဲသို့ လာရောက်ကြသော ဧည့်ပရိသတ်များအား စတုဒိသာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## ရပ်စောက်မြို့နယ်၌ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ရပ်စောက် မတ် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်အား ယမန်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

